# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ တနင်္လာနေ့။ Monday, 23 January 2023 ၁၀၉၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**ကရင်ပြည်နယ်၌ စိုက်ပျိုးမြေများကို လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း နှင့် မြေလွတ်၊ မြေရိုင်း(လယ်လုပ်) ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ » ၅

**မြန်မာ - ရုရှား စိန်ရတုသံတမန်ဆက်ဆံရေး**



ဆောင်းပါး စာမျက်နှာ » ၆

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၈


# တောင်ကုတ်မြို့နယ်ရှိ မအီဂျိုင် အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်သူ ယခင်နှစ်ထက်များပြားလာ



**မအီ ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့နှင့် ၁၇ မိုင်ကွာဝေးသည့် မအီချောင်းစက်တော်ရာအနီးရှိ "မအီဂျိုင်" အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်သူများ ယခင်နှစ်ကထက်များပြားလာကြောင်း သိရသည်။

မအီဂျိုင် အပန်းဖြေစခန်းမှာ မအီချောင်း အောက်စက်တော်ရာမှ သုံးဖာလုံခန့်အကွာတွင် တည်ရှိပြီး ၎င်းအပန်းဖြေစခန်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ လူခြောက်ဦးတည်းခိုနိုင်သည့် ဘန်ဂလိုငါးလုံးဖြင့် ယခင်နှစ်ကအတိုင်း ဖွင့်လှစ်ထားသော်လည်း ယခုနှစ်တွင် အနားယူအပန်းဖြေစရာနေရာများ၊ ရှုမျှော်ခင်းများကို ငေးမောရင်း ထိုင်စရာနေရာများကို သပ်ရပ်စွာ တိုးချဲ့ပြင်ဆင်ထားကြောင်း **စာမျက်နှာ ၈ ကော်လံ ၃ သို့ ○**



Ruili လေကြောင်းလိုင်း၏ မန္တလေး-မန်စီ-မန္တလေး ခရီးစဉ်လေယာဉ်ဖြင့် လိုက်ပါလာသော ခရီးသွားဧည့်သည်များကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ပျံသန်းပြေးဆွဲသည့် Ruili လေကြောင်းလိုင်းမှ မန္တလေး-မန်စီ-မန္တလေး ခရီးစဉ်လေယာဉ်ဖြင့် လိုက်ပါလာသော ခရီးသွားဧည့်သည်များကို ကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားခဲ့သော Ruili လေကြောင်းလိုင်း၏ မန္တလေး-မန်စီ-မန္တလေး (DR-503) ခရီးစဉ်သည် ယမန်နေ့တွင် ယူနန်ပြည်နယ် မန်စီမြို့မှ မန္တလေးမြို့သို့ ပထမဦးဆုံးသောခရီးစဉ်အဖြစ် ပြန်လည်ပြေးဆွဲခဲ့ကာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)သို့ ညနေ ၄နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် တရုတ်နိုင်ငံသား ၂၆ ဦး၊ မြန်မာနိုင်ငံသား နှစ်ဦး စုစုပေါင်း ၂၈ ဦး လိုက်ပါခဲ့ကြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် MJas (Mitsubishi Cooperation-Jalux) Airport Services Co., Ltd. မှ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

ကြေးမုံ

# ခြိုးခြံချွေတာ အမျိုးသားအကျိုးစီးပွားတိုးတက်

နိုင်ငံတိုင်းနိုင်ငံတိုင်းသည် အမျိုးသားအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ကြသည်။ အမျိုးသားအကျိုးစီးပွားတိုးတက်မှသာ နိုင်ငံသားအားလုံး အကျိုးစီးပွားဖြစ်ထွန်းမည်။ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံသားအားလုံးက ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ကြမှသာ အောင်မြင်မည်။ မိမိတို့အကျိုးစီးပွားအတွက်သာ ရှေးရှုနေမည်ဆိုပါက အခက်အခဲများကို မကျော်လွှားနိုင်ဘဲ တဝဲလည်လည်ဖြစ်နေမည်။ နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ခြင်းသည် အမျိုးသားအကျိုးစီးပွားဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပပို့ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပသွင်းကုန်လျှော့ချနိုင်ရေး တစိုက်မတ်မတ် ဆောင်ရွက်နေခြင်းသည် အမျိုးသားအကျိုးစီးပွားအတွက်ဖြစ်သည်။ နိုင်ငံကြီးပွားတိုးတက်လျှင် တစ်မျိုးသားလုံးလည်း တိုးတက်လာမည်။ နိုင်ငံတိုးတက်ရေး၊ ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို ဆောင်ရွက်နေသလို လူတိုင်းအသုံးပြုနေသည့် စားသုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများကို တတ်နိုင်သမျှ ချွေတာသုံးစွဲကြရန် လိုအပ်ပေသည်။ ဆီစားသုံးမှု၊ ရေသုံးစွဲမှု၊ လျှပ်စစ်သုံးစွဲမှု၊ စက်သုံးဆီသုံးစွဲမှု ချွေတာရေးလုပ်ဆောင်သည်မှာ ပြည်သူတစ်ဦးချင်းစီ၏ ဘဝကောင်းကျိုး၊ တိုင်းပြည်၏ အနာဂတ်ကောင်းကျိုးအတွက်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သွင်းအားစု၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများလိုအပ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာအခက်အခဲ၊ လျှပ်စစ်စွမ်းအားအခက်အခဲများကို နည်းလမ်းအမျိုးမျိုးဖြင့် ကျော်လွှားနိုင်မည်ဖြစ်သော်လည်း စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ယာဉ်အမျိုးမျိုးနှင့်စက်အမျိုးမျိုးတို့ နှစ်စဉ်တိုးတက်လျက်ရှိပြီး ၎င်းတို့အတွက် စွမ်းအင်လောင်စာလိုအပ်ချက်များလည်း မြင့်မားလာသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စာရင်းအင်းအချက်အလက် မှတ်တမ်းများအရ မော်တော်ယာဉ်မျိုးစုံ တစ်သန်းကျော်နှင့် မော်တော်ဆိုင်ကယ်မျိုးစုံ ခြောက်သန်းကျော်ရှိသည်။ အဆိုပါယာဉ်အမျိုးမျိုးအတွက် စက်သုံးဆီ ပြည်ပမှ တင်သွင်းမှုသည် တန်ချိန် ၄ ဒသမ ၁၂ သန်းကျော်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၄၉၆ ဒသမ ၆၅၂ သန်း ရှိခဲ့သည်။ နှစ်စဉ်လည်း စက်သုံးဆီလိုအပ်ချက် မြင့်တက်လျက်ရှိသည်။ ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်မားလာမှုနှင့်အတူ မြန်မာနိုင်ငံ၏ စက်သုံးဆီလိုအပ်ချက်လည်း မြင့်မားလာလျက်ရှိသဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်း၊ နိုင်ငံခြားငွေတန်ဖိုး အတက်ဘက်တွင်ရှိနေသည်မှာ ကြောင်းကျိုးဆီလျော်ပေသည်။

စက်သုံးဆီဈေးနှုန်းမြင့်မားခြင်း၊ လိုအပ်ချက်မြင့်မားခြင်းသည် မြန်မာနိုင်ငံတွင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်အသုံးပြုခြင်းထက် ကိုယ်ပိုင်မော်တော်ယာဉ်အသုံးပြုမှု ပိုမိုများသည်ကို တွေ့ရသည်။ ကိုယ်ပိုင်ယာဉ်အသုံးပြုမှုကို လိုအပ်မှသာ အသုံးပြုပြီး အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ် ဝန်ဆောင်မှု မြှင့်တင်ပေးပြီး အသုံးပြုကြမည်ဆိုလျှင် စက်သုံးဆီ နှစ်စဉ်လိုအပ်ချက် လျော့ကျလာမည်ဖြစ်သည်။ မော်တော်ဆိုင်ကယ်အသုံးပြုသူတိုင်း၊ ကိုယ်ပိုင်ယာဉ်သုံးစွဲသူတိုင်းသည် တစ်ရက်လျှင် တစ်လီတာဝက်ခန့် လျှော့ချသုံးစွဲမည်ဆိုပါက နေ့စဉ်ဂါလန်တစ်သိန်းကျော် သက်သာမည်ဖြစ်သည်။ နေ့စဉ် ကျပ်ငွေ တစ်ဘီလီယံကျော် လျှော့ချနိုင်မည်ဖြစ်သည်။ ယာဉ်အသုံးပြုသူများအနေဖြင့် တစ်ပတ်လျှင်တစ်ရက် အသုံးမပြုဘဲနေမည်ဆိုပါက စက်သုံးဆီချွေတာရာလည်းရောက်ပြီး ကုန်ကျငွေလည်းသက်သာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ စက်သုံးဆီချွေတာသုံးစွဲရေးကို နှိုးဆော်အသိပေးလျက်ရှိပြီး စက်သုံးဆီပြတ်တောက်မှုမဖြစ်စေရေး၊ သတ်မှတ်ဈေးနှုန်းများဖြင့် သင့်တင့်စွာဝယ်ယူသုံးစွဲနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း အထက်ပါ စက်သုံးဆီလျှော့ချရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိအကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုရမည်ဖြစ်သည်။ ဖြစ်နိုင်သမျှ လမ်းလျှောက်ခြင်း၊ တတ်နိုင်သမျှ အများပြည်သူသုံးယာဉ်များကို အသုံးပြုခြင်း၊ ရနိုင်သမျှ စက်ဘီးအသုံးပြုခြင်း၊ မလိုအပ်ဘဲ ခရီးမသွားခြင်းတို့ကို အသိစိတ်ဓာတ်ဖြင့် ကိုယ်စီကိုယ်စီ ပါဝင်ဆောင်ရွက်ကြပါက စက်သုံးဆီလိုအပ်ချက် လျော့ကျလာပြီး ကုန်သွယ်မှုပိုငွေတက်လာမည်ဖြစ်သည်။

လူတစ်ဦးချင်းစီ၏ ကြီးပွားချမ်းသာခြင်း အကြောင်းအချက်များတွင် ခြိုးခြံချွေတာခြင်းသည် အရေးပါသည့်အချက်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ ကြီးပွားချမ်းသာခြင်းအကြောင်းသည် ကုန်သွယ်မှုပိုငွေ များပြားလာခြင်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံကြီးပွားတိုးတက်မှ ပြည်သူများ၏ဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်၍ နိုင်ငံအကျိုး၊ ပြည်သူအကျိုး အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာအောင် ခြိုးခြံချွေတာရေးတွင် ကိုယ်စီပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။




## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

## တောင်ငူမြို့နယ် ကေတုမတီတောင်သူအကျိုးပြု စိုက်ပျိုးရေးနှင့် မွေးမြူရေး အထွေထွေသမဝါယမအသင်းလီမိတက်က လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

တောင်ငူ ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိုးကောင်းကျေးရွာရှိ ကေတုမတီတောင်သူအကျိုးပြု စိုက်ပျိုးရေးနှင့် မွေးမြူရေး အထွေထွေသမဝါယမအသင်းလီမိတက်သည် အသင်းပိုင်ထွန်စက်(Japan Kubota 60 Hp)နှင့် ရိတ်သိမ်းခြွေစက်(Japan Kubota 70 G)များဖြင့် အသင်းသားပိုင်နှင့် ပုဂ္ဂလိကပိုင် လယ်ယာမြေများတွင် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ အသင်းပိုင်ထွန်စက်(Japan Kubota 60 Hp)သည် တစ်ရက်လျှင် ပျမ်းမျှ ၆ ဧက ထွန်ယက်နိုင်ပြီး တစ်ဧကငှားရမ်းခ ငွေကျပ် ၅၀၀၀၀ နှုန်း၊ အသင်းပိုင်ရိတ်သိမ်းခြွေစက် (Japan Kubota 70 G)သည် တစ်ရက်လျှင် ပျမ်းမျှ ၆ ဧက ရိတ်သိမ်းနိုင်ပြီး တစ်ဧကငှားရမ်းခ ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် တောင်သူများသီးနှံစိုက်ပျိုးထုတ်လုပ်ရာ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ၊ ရန်ကုန်ဇုန်(ဇုန်-၂) အားကစားပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**ရန်ကုန် ဇန်နဝါရီ ၂၂**

၂၀၂၃ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ၊ ရန်ကုန်ဇုန်(ဇုန်-၂) အားကစားပြိုင်ပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီစဉ်ဆောင်ရွက်ထား**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပညာရေးဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့်ပြီးနောက်ယခုကျင်းပမည့် အားကစားပြိုင်ပွဲသည် ပထမဦးဆုံး ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲကို အထက်မြန်မာပြည်ရှိ ပညာရေးဒီဂရီကောလိပ်များက မန္တလေးဇုန်တွင် လည်းကောင်း၊ အောက်မြန်မာပြည် ပညာရေးဒီဂရီကောလိပ်များက ရန်ကုန်ဇုန်တွင် လည်းကောင်း ဇုန်နှစ်ဇုန်ခွဲ၍ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်က အားကစားပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး၊ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးက ရန်ကုန်ဇုန် ယှဉ်ပြိုင်ရာတွင် ပါဝင်သည့် ပညာရေးဒီဂရီကောလိပ်ကျောင်းများနှင့် အားကစားပြိုင်ပွဲအမျိုးအစားများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

၎င်းနောက် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များက ပြိုင်ပွဲအမျိုးအစားအလိုက် သတ်မှတ်နေ့ရက်တွင် ယှဉ်ပြိုင်ကစားမည့် အားကစားပြိုင်ပွဲများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရန်နှင့်(ဗဟို) အဆင့် နေပြည်တော်အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ဆောင်ရွက်ခြင်းများအတွက် တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ရှိသူများက လိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြရန် နိဂုံးချုပ်စကားပြောကြားသည်။

အထက်မြန်မာပြည်(မန္တလေးဇုန်)တွင် ၁၂ ကျောင်းနှင့် အောက်မြန်မာပြည်(ရန်ကုန်ဇုန်)တွင် ဘားအံ၊ ထားဝယ်၊ တောင်ငူ၊ ပြည်၊ မော်လမြိုင်၊ ကျောက်ဖြူ၊ ရန်ကင်း၊ လှည်းကူး၊ သင်္ဃန်းကျွန်း၊ ဟားခါး၊ ပုသိမ်၊ ဘိုကလေးနှင့် မြောင်းမြတို့ပါဝင်ပြီး(အမျိုးသား၊ အမျိုးသမီး) ပိုက်ကျော်ခြင်း၊ အမျိုးသားဘောလုံး၊ (အမျိုးသား၊ အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲများကို သုဝဏ္ဏ၊ တောင်ဥက္ကလာပနှင့် တောင်ဒဂုံအားကစားကွင်းတို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးရေးဦးစီးဌာန ဖွဲ့စည်းခြင်း (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် DOA Website ကို အဆင့်မြှင့်တင်




**နေပြည်တော် ဇန်နဝါရီ ၂၂**

စိုက်ပျိုးရေးဦးစီးဌာန ဖွဲ့စည်းခြင်း (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် DOA Website လွှင့်တင်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းက နေပြည်တော်ရုံးအမှတ်(၄၃)၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် ဌာနတာဝန်ရှိသူများ၊ အိုင်တီနည်းပညာအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် DOA Website တာဝန်ရှိသူက ဝက်ဘ်ဆိုဒ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးဦးစီးဌာန ဖွဲ့စည်းခြင်း (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် www.doa.gov.mm လိပ်စာဖြင့် လွှင့်တင်ထားသော DOA Website အား အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း၊ နည်းပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုများ၊ သီးနှံမျိုးစေ့၊ မြေဆီလွှာဖွံ့ဖြိုးမှု၊ သီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ သီးနှံဈေးကွက် စသည့် သတင်းအချက်အလက်များ ပိုမိုပြည့်စုံစေရေး၊ နည်းပညာပေးလုပ်ငန်းများ၊ ဥပဒေ၊ နည်းဥပဒေအရ ထိန်းကျောင်းကြပ်မတ်ခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ တိုးချဲ့ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

**အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့**

လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စီမံခန့်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၁၈၈၈ ခုနှစ်တွင် မြေစာရင်းနှင့်စိုက်ပျိုးရေးဌာနအဖြစ် စတင်သန္ဓေတည်ခဲ့ပြီး ၁၉၀၁ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးဌာနခွဲအဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း (မြေ-ကျေး-ရှင်း)အဖြစ် လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းအဖြစ် လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအဖြစ် လည်းကောင်း ခေတ်စနစ်များနှင့်အညီ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ယခု (၁၁)နှစ် ပြည့်မြောက်ခြင်းဖြစ်ကြောင်း၊ ခေတ်မီဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးပြုပြီး တောင်သူလိုအပ်ချက်ကို ထိထိရောက်ရောက် ဝန်ဆောင်ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းမှုအဖြစ် www.doa.gov.mm လိပ်စာဖြင့် လွှင့်တင်ထားသော DOA Website အား အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ မျိုးစေ့ထုတ်လုပ်သူများနှင့် မျိုးစေ့သုံးစွဲလိုသူများအကြား အလွယ်တကူချိတ်ဆက်နိုင်မည့် ကြားခံကွန်ရက်အဖြစ် အသုံးချနိုင်ရေး တိုးချဲ့ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အလားတူ နိုင်ငံတကာဝက်ဘ်ဆိုဒ်များနှင့် ချိတ်ဆက်နိုင်ရေးသာမက ပြည်ပမှ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး စိတ်ဝင်စားသူများ အလွယ်တကူ ရှာဖွေလေ့လာနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**❖ မန္တလေးမှ**

တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်ပါလာသည့် ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ရာတွင် အဆင်ပြေစေရေးအတွက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန သတင်းပြန်ကြားရေးကောင်တာ၌ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များအား ရှင်းလင်းပြောကြားပြီး အထောက်အကူပြုလက်ကမ်းစာစောင်များ၊ QR Code များကို ဖြန့်ဝေပေးသည်။

အဆိုပါ လေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)မှ မန်စီမြို့သို့ တရုတ်နိုင်ငံသား ၂၅ ဦး၊ မြန်မာနိုင်ငံသား ခြောက်ဦး စုစုပေါင်း ၃၁ ဦး လိုက်ပါ၍ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပြန်လည်ထွက်ခွာသွားသည်။

**တစ်ပတ်လျှင် ၃ ရက်နှုန်း ပြေးဆွဲသွားမည်**

Ruili လေကြောင်းလိုင်းအနေဖြင့် မန်စီ-မန္တလေး-မန်စီ လေကြောင်းခရီးစဉ်ကို တစ်ပတ်လျှင် သုံးရက်နှုန်း အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား

# ရှမ်းပြည်နယ် ဝန်ကြီးချုပ် မိုင်းယောင်းခရိုင် မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံ

မိုင်းယောင်း ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီတွင် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးထွန်းထွန်းနိုင်က ဒေသဆိုင်ရာအချက်အလက်များ ရှင်းလင်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စားစရာနှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းကပေးအပ်ရာ မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေတို့က လက်ခံရယူသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းရာ ဌာနအသီးသီး ဖွံ့ဖြိုးတိုးတက်စေလိုကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် စပါးအထွက်နှုန်းကောင်းသဖြင့် စပါးကို ထုတ်မရောင်းဘဲ ဆန်ကို ကြိတ်၍ ရောင်းချစေလိုကြောင်း၊ ထွက်ရှိလာမည့် ဖွဲနု၊ ဆန်ကွဲများ ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရှမ်းပြည်နယ်အတွက် ရှစ်ဘီလီယံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများအတွက် ငါးဘီလီယံစီ ရရှိပြီး ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ ငါးခုဖြစ်သည့်အတွက် ၂၅ ဘီလီယံနှင့် ရှစ်ဘီလီယံ စုစုပေါင်း ၃၃ ဘီလီယံရရှိပြီး ဇန်နဝါရီ ၁၇ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပခဲ့ကြောင်း၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထပ်မံထုတ်ချေးပေးရန် ပြင်ဆင်ထားပါကြောင်း၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများက သေချာစွာ စာရင်းများတင်ပြပေးကြရန် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍများတွင်လည်း တစ်ပိုင်တစ်နိုင် မွေးမြူရန် မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် အသားစားသုံးမှုမှာ ငါးမျိုးသာရှိကြောင်း၊ ဒေသအတွင်း ကြက်၊ ငါး၊ ဆိတ်၊ အမဲလုံလောက်မှုရှိပြီး ဝက်သည် လုံလောက်မှုမရှိသောကြောင့် ဝက်ကို တိုး၍ စနစ်တကျ မွေးမြူကြရန် ပြောကြားလိုကြောင်း၊ လမ်းညွှန်ဆိုင်းဘုတ် အမှတ်သားများလည်း စတင်ဆောင်ရွက်နေပြီဖြစ်၍ သေချာစွာလိုက်နာရန် မှာကြားလိုကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး ဆောင်ရွက်ပေးကြရန်၊ စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးဧက တိုးချဲ့သည်ထက် စိုက်ဧကအထွက်နှုန်းတိုးရန် စိုက်ပျိုးစေလိုကြောင်း၊ စက်သုံးဆီများလည်း ချွေတာသုံးစွဲရန် မှာကြားလိုကြောင်း၊ ရေလိုအပ်ချက်များရှိပါက မြစ်ရေ၊ ချောင်းရေတင်သည့်စနစ်ဖြင့် ရေစုကန်များ တည်ဆောက်ကာ မိုးရေစုသည့်ကန်များ စနစ်တကျလုပ်ဆောင်ကြရန်၊ မြေအောက်ရေ မသုံးစွဲကြရန်နှင့် ရေကို အကျိုးရှိရှိ အသုံးပြုကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ပြည်နယ်(ပြန်/ဆက်)

# ကွမ်းလုံမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ကွမ်းလုံ ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့၌ ကျောင်းသားလူငယ်များ အသိပညာ ဗဟုသုတကြွယ်ဝပြီး ဗလငါးတန်နှင့် ပြည့်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၁၀ နာရီက ကွမ်းလုံမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါလူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းနိုင်လင်းက လူငယ်မောင်မယ်များအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိတို့နေထိုင်သည့် ရပ်ရေး၊ ရွာရေးကိစ္စရပ်များတွင် ပါဝင် ဆွေးနွေးနိုင်သည့် အလေ့အထများရှိစေရန် ရည်ရွယ်ကာ လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးရာဇာသန်းဝင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း Grade-10 မှ မောင်မင်းသုဏ်ိုး၊ မောင်အိုက်ပွတ်၊ မချမ်းမြေ့နှင့် မအမ်းလူတို့က လူငယ်နှင့် စာပေ၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူးက ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအိုက်သဲဦးက လက်ခံရယူပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဓာတ်ပုံပြပွဲကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖



# ဟိုပုံးမြို့နယ် ခိုဟန့်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ ဖွင့်ပွဲကျင်းပ

ဟိုပုံး ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုံဟေးကျေးရွာအုပ်စု ခိုဟန့်ကျေးရွာ ဘက်စုံသုံးခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ဦးစီးအရာရှိ ဦးမြင့်ကြည်က ခိုဟန့်ကျေးရွာတွင် ဘက်စုံသုံးခန်းမ တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကျေးရွာဘက်စုံသုံးအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခန်းမအားလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခိုဟန့်ကျေးရွာရှိ အဆိုပါဘက်စုံသုံးခန်းမသည် အလျားပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၇၄ သိန်းဖြင့် ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

# ရမ်းဗြဲမြို့နယ်၌ တစ်ဖက်ပိတ်ဆည် တိုးချဲ့တူးဖော်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

ရမ်းဗြဲ ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်ဆောက်ကျေးရွာတစ်ဖက်ပိတ်ဆည် တိုးချဲ့တူးဖော်နေမှုသည် ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးအောင်ထွန်းထံမှ သိရသည်။

ကျောက်ဆောက်တစ်ဖက်ပိတ်ဆည်မှာ ရေဝပ်ဧရိယာနည်းပါးပြီး ကျောက်ဆောက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသုံးရာတွင် နေထိုင်ကြသည့် ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေလုံလောက်စွာမပေးနိုင်သောကြောင့် တူးဖော်ရခြင်းဖြစ်ကြောင်း၊ ယင်းဆည်ကို ရေလုံလောက်စွာသိုလှောင်နိုင်ရန်အတွက် ဆည်၏ဘေးဘက်တောင်နံရံကို တိုးချဲ့တူးဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။



ကျောက်ဆောက်ကျေးရွာတစ်ဖက်ပိတ်ဆည်သည် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသုံးရွာမှ ကျေးလက်နေပြည်သူများ သောက်သုံးရေကို အိမ်တိုင်ရာရောက်ရယူသုံးစွဲလျက်ရှိသော ဆည်ဖြစ်ပြီး အိမ်ခြေ ၁၉၂ အိမ်၊ လူဦးရေ ၉၅၉ ဦးတို့အား အကျိုးပြုလျက်ရှိကြောင်း သိရသည်။ အဆိုပါဆည်ကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၆၀ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ယင်းတစ်ဖက်ပိတ်ဆည်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ပြီးစီးပါက ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူများ လာမည့်နှစ်များတွင် သောက်သုံးရေကို ယခုထက်ပိုမိုလုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) လှာကမြင်ဝန်ထမ်းအိမ်ရာစခန်း ဖွင့်လှစ်

**ဘားအံ ဇန်နဝါရီ ၂၂**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏နေထိုင်မှုဘဝ အဆင်ပြေစေရေးအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်လေးလုံး အခန်းပေါင်း ၆၄ ခန်းကို တင်ဒါခေါ်ယူတည်ဆောက်ခဲ့ရာ ပြီးစီးခဲ့သည့် ဘားအံမြို့ အမှတ်(၂) လှာကမြင် စုပေါင်းဝန်ထမ်းအိမ်ရာစခန်းရှိ ဝန်ထမ်းအိမ်ရာ နှစ်လုံးကို ယနေ့ နံနက် ၈ နာရီက ဖွင့်လှစ်သည်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုဖွင့်လှစ်သည့် အဆောက်အအုံ နှစ်လုံးကို ထရန်စဖော်မာ၊ မီးလိုင်းနှင့် ခြံစည်းရိုးများကို ပြည်နယ်ဘဏ္ဍာငွေ ကျပ် ၁၀၈၁ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများအပြင် ပြည်သူ့အငှား အိမ်ရာနှင့် အရောင်းအိမ်ရာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ထမ်းများ၏နေထိုင်မှုဘဝ အဆင်ပြေစေရေးအပြင် အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများ၏နေထိုင်မှုဘဝ အဆင်ပြေစေရေးအတွက် မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ ဝန်ထမ်းအိမ်ရာ နှစ်လုံးကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၂) လှာကမြင် ဝန်ထမ်းအိမ်ရာစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကရင်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ



ကရင်ပြည်နယ်အတွင်း ဝန်ထမ်းအိမ်ရာ ၁၈၂ လုံး (အိမ်ခန်းပေါင်း ၆၇၄ ခန်း)၊ အငှားအိမ်ရာ ၇၆ လုံး (အိမ်ခန်းပေါင်း ၁၄၂ ခန်း)၊ အရောင်းအိမ်ရာ သုံးလုံး (အိမ်ခန်းပေါင်း ၄၈ ခန်း)တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်၌ စိုက်ပျိုးမြေများကို လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းနှင့် မြေလွတ်၊ မြေရိုင်း(လယ်လုပ်) ဖော်ထုတ်ခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အဓိကကျသော အခြေခံအချက်ဖြစ်သည့် စက်မှုလယ်ယာစနစ်ကျလယ်မြေများကို နိုင်ငံတစ်ဝန်း တိုးတက်ပေါ်ထွန်းလာစေခြင်းဖြင့် လယ်ယာကဏ္ဍကို အရှိန်အဟုန်မြှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကရင်ပြည်နယ် မြို့နယ်များအတွင်းရှိ စိုက်ပျိုးမြေများကို လယ်ယာမြေအဆင့်မြှင့်တင်ခြင်းနှင့် မြေလွတ်၊ မြေရိုင်း(လယ်လုပ်) ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။



"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ မြေလွတ်၊ မြေရိုင်း(လယ်လုပ်)တွေကို စနစ်တကျ လယ်ကွက်တွေအဖြစ် ဘားအံမြို့နယ်အတွင်းမှာရှိတဲ့ တောင်သူကုန်းကျေးရွာမှာ ၁၉၅ ဧက၊ ကော့မူးတာကျေးရွာမှာ ဧက ၁၅၀ နဲ့ ကော့သင်းကျေးရွာမှာ ၁၅၅ ဧက စုစုပေါင်းဧက ၅၀၀ ကို တင်ဒါစနစ်နဲ့ အောင်မြင်ခဲ့တဲ့ ကုမ္ပဏီတွေက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်ကစပြီး လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆောင်ရွက်တဲ့ လုပ်ငန်းတွေကို ဖေဖော်ဝါရီ ၁၅ ရက်မှာ အပြီးဆောင်ရွက်သွားမှာပါ။ ဒေသခံတောင်သူတွေ ငွေကုန်ကြေးကျများပြီး မလုပ်နိုင်တဲ့အတွက်ကြောင့် ပြည်နယ်ရန်ပုံငွေနဲ့ အခုဆောင်ရွက်တဲ့ မြေလွတ်၊ မြေရိုင်း(လယ်လုပ်) ဖော်ထုတ်ပြီးတဲ့အခါ လျှောက်ထားကြတဲ့ မြေမဲ့၊ ယာမဲ့ ဒေသခံတောင်သူတွေကို ပြန်ပေးသွားမှာပါ"ဟု ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခင်မောင်သန်းက ပြောသည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စက်ယန္တရားများနှင့် မြေယာပြုပြင်သည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လယ်ယာသုံးစက်ကိရိယာများဖြင့် စက်စွမ်းအားပြည့် ဆောင်ရွက်နိုင်ရန်အတွက် လယ်ယာမြေများကို ဘဏ္ဍာနှစ်များအလိုက် ဧကကွက်၊ ဟက်တာကွက်များအဖြစ် ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိသည်။

"လယ်ယာမြေအဆင့်မြှင့်တင်မှုလုပ်ငန်းတွေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကနေ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ၄၉၅၂ ဧက ဖော်ထုတ်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဘားအံမြို့နယ် ရသေ့ပုံကျေးရွာမှာ ဧက ၁၀၀ နဲ့ လှိုင်းဘွဲ့မြို့နယ် ကော့မြတ်ကြီးကျေးရွာမှာ ဧက ၃၀၀ စုစုပေါင်း ဧက ၄၀၀ ကို ဇန်နဝါရီ ၁ ရက်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအားလုံးကို မတ်လကုန်မှာ အပြီးဆောင်ရွက်သွားမှာပါ"ဟု ၎င်းကပြောသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဘားအံမြို့နယ် မောက်မောက်လာကျေးရွာတွင် ဧက ၃၀၀ ကိုလည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် ထန်းကုန်းကျေးရွာတွင် ဧက ၃၀၀ နှင့် ရွာကိုင်းကောင်းကျေးရွာတွင် ဧက ၁၅၀ ကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ် ကော့တာကျေးရွာတွင် ဧက ၂၅၀ ကိုလည်းကောင်း ဖော်ထုတ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အရင်တုန်းက လယ်ယာမြေတွေကို သမားရိုးကျလုပ်တာဆိုတော့ အခုနည်းစနစ်တကျဖော်တဲ့ လယ်ယာမြေနဲ့တော့ ကွာခြားမှုတွေရှိပါတယ်။ နည်းပညာတွေနဲ့ပေါင်းစပ်ပြီး စနစ်တကျဖော်ဆောင်ထားတဲ့ လယ်ယာမြေတွေက အကျိုးကျေးဇူးအနေနဲ့ ရေဝင်ရေသောက်ကောင်းလာတယ်။ လယ်ယာထုတ်ကုန်တွေသယ်ဆောင်တဲ့အခါ လမ်းတွေလည်း ပိုကောင်းလာပြီး စနစ်တကျရှိလာတယ်။ စိုက်ပျိုးတဲ့သီးနှံတွေကို အလေအလွင့်နည်းအောင် စောင့်ရှောက်နိုင်ပြီး ထုတ်ကုန်စွမ်းအားတွေလည်း မြင့်မားလာမှာဖြစ်ပါတယ်။ အခုလို သမားရိုးကျ လယ်ယာတွေကို စနစ်တကျဖြစ်အောင် လုပ်ပေးတဲ့အတွက် တောင်သူတွေအနေနဲ့ မျိုးသန့်မျိုးစေ့ထုတ်အဆင့်ဖြစ်အောင်၊ ထုတ်ကုန်တွေ တိုးတက်အောင် မျှော်မှန်းထားပါတယ်"ဟုဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ဆောင်ရွက်လျက်ရှိ**

ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနက ပြည်နယ်ရန်ပုံငွေဖြင့် စနစ်တကျ လယ်မြေဖော်ထုတ်ရာတွင် ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထွန်ချေခြင်း၊ မြေညှိရန် မြေဖွခြင်း၊ ဒီဇိုင်းပုံအရ အကြမ်းတင်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်း တည်ဆောက်ခြင်းနှင့် ကန်သင်းပေါင်ပုံဖော် တည်ဆောက်ခြင်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက လယ်မြေပိုင်ဆိုင်မှုများကို စစ်ဆေးအတည်ပြုခြင်း၊ မူလလယ်ပိုင်ရှင်များအား ပြန်လည်ခွဲဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်းကြောင့် မြေပြင်ညီညာပြန့်ပြူးမှုရှိပြီး စိုက်ပျိုးရေသုံးစွဲရာတွင် ယခင်သုံးစွဲနေကျ ရေပမာဏထက် လျှော့ချသုံးစွဲနိုင်ခြင်း၊ လယ်ယာမြေပုံသဏ္ဍာန်နှင့် အကျယ်အဝန်းမှန်ကန်ခြင်းကြောင့် စက်ကိရိယာပစ္စည်းများ မောင်းနှင်ရာတွင် လောင်စာဆီကုန်ကျမှုလျော့နည်းသက်သာခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အချိန်မရွေး၊ ရာသီမရွေး ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်လမ်းရှိ ပြည်သူများအား သောက်သုံးရေလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ ကူးတို့ဆိပ်လမ်းတွင် သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်နေခြင်းကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်ဖြင့် ယနေ့ နံနက် ၉ နာရီတွင် လှူဒါန်းခဲ့သည်။

**ဆောင်ရွက်**

အဆိုပါ ကူးတို့ဆိပ်ရပ်ကွက်အတွင်း လမ်းအချို့ သောက်သုံးရေပြတ်လပ်မှုမှာ ဂျိုးဖြူရေပိုက်လိုင်း၏ လှော်ကားရေပိုက်လိုင်း အစိတ်အပိုင်း၌ ရေပိုက်ပေါက်မှုဖြစ်ပေါ်နေခြင်းကို ယာယီပြင်ဆင်နေခြင်းကြောင့်ဖြစ်ကြောင်းနှင့် အမြန်ဆုံးပြီးစီးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်လမ်းရှိပြည်သူများ၏ အကူအညီတောင်းခံမှုကြောင့် ယနေ့နံနက်ပိုင်းတွင် လှူဒါန်းပေးလျက်ရှိပြီး ဆက်လက်၍ ကျောက်ပြားလမ်းရှိ ပြည်သူများကိုလည်း လှူဒါန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

# မြန်မာ- ရုရှား စိန်ရတုသံတမန်ဆက်ဆံရေး

မျိုးငြိမ်းငယ်

**မြန်မာ– ရုရှားဆက်ဆံရေး တည်ထောင်ခဲ့သည်မှာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် စိန်ရတုသို့ပင်ရောက်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကို ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးများကို ထူထောင်ခဲ့ပါသည်။**

ရုရှားနိုင်ငံ (ယင်းအချိန်က ဆိုဗီယက်ပြည်ထောင်စု) သည် မြန်မာနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေး အစောဆုံး တည်ထောင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရုရှားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ချိန်မှစကာ နှစ်နိုင်ငံစလုံးက အပြန်အလှန်ဆက်ဆံရေးကို ထိန်းသိမ်းမြှင့်တင်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးတွင် ရုရှားနိုင်ငံသည် ဆဋ္ဌမမြောက်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ သမုဒ္ဒရာများနှင့် တိုက်ကြီးများဖြင့် ခြားထားသော်လည်း နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ စီးပွားရေးအခွင့်အလမ်းနှင့် မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံ၍ နီးကပ်သော ဆက်ဆံရေး တည်ဆောက်ခဲ့ကြသည်မှာ စိန်ရတုပင် တိုင်ပြီဖြစ်သည်။



၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံဝန်ကြီးချုပ်နှင့် ရုရှားနိုင်ငံ (ယခင် ဆိုဗီယက်) ခေါင်းဆောင်တို့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် လက်မှတ်ရေးထိုးစဉ်။

## မြန်မာမင်းများလက်ထက် သံတမန်ဆက်သွယ်ရေးကြိုးပမ်းမှု

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ကူးလူးဆက်ဆံမှုသည် ၁၅ ရာစုကပင် စတင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရပါသည်။ ၁၅ ရာစု ရုရှားခရီးသွား အဖာနာဆီနီကီတင်၏ ပင်လယ်သုံးစင်း ခြေကျင်သွားခြင်းမှတ်တမ်းတွင် မြန်မာနိုင်ငံအောက်ပိုင်း ပဲခူးနယ်ကြီးအကြောင်း ပါဝင်ကြောင်း မလှကျော့၏ ဇာဘုရင်လက်ထက် ရုရှား-မြန်မာဆက်ဆံရေး သမိုင်းအကျဉ်း ၁၉ ရာစုစာတမ်းတွင် ဖော်ပြခဲ့ပါသည်။ ထို့ပြင် မလှကျော့၏ စာတမ်းတွင် မင်းတုန်းမင်းလက်ထက် ၁၈၇၃ ခုနှစ်တွင် မင်းတုန်းမင်းသည် ရုရှား ခရီးသွားတစ်ယောက်မှတစ်ဆင့် ရုရှားနှင့် သံတမန်ဆက်သွယ်ရန်အတွက် စာချွန်လွှာအား စိန့်ပီတာစဘတ်မြို့သို့ ပေးပို့ခဲ့ကြောင်း၊ ၁၈၇၄ ခုနှစ်တွင် ပါရှား (အီရန်)သို့ မြန်မာသံအဖွဲ့ရောက်ရှိလာပြီး ရုရှားနှင့် ဆက်ဆံရေးထူထောင်ရန် ကြိုးစားခဲ့ကြောင်း ဖော်ပြထားသည်။

၁၈၇၅ ခုနှစ်တွင် ရုရှားနှင့် ဆက်ဆံရေး ထူထောင်လိုကြောင်း ကင်းဝန်မင်းကြီးက အလဇန္ဒား ဂါရ်ချာကော့ဗ်ထံသို့ (၎င်းလက်မှတ်ပါရှိသည့်) စာချွန်လွှာဆက်သခဲ့ကြောင်း၊ ထိုစာချွန်လွှာတွင် ရုရှားအင်ပါယာနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးထူထောင်လိုသည့် မြန်မာဘုရင်၏ဆန္ဒကို ဖော်ပြရေးသားထားကြောင်း၊ အလဇန္ဒားဂါရ်ချာကော့ဗ်၏ ပြန်စာတွင် ဇာရာဇ်ဘုရင် အလက်ဇန္ဒား (၂) ထံ စာချွန်လွှာပါ အကြောင်းအရာများကို လျှောက်ထားတင်ပြခဲ့ကြောင်း အကြောင်းပြန်ခဲ့သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် နှစ်ပေါင်း ၇၀ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ရေးသားဖော်ပြခဲ့သည်။

၁၈၇၆ ခုနှစ်တွင် ရုရှားနိုင်ငံ၏ သံတမန်ဖြစ်သူ အရှေ့တိုင်းဘာသာဗေဒပညာရှင် ပီတာပါရှိနို်သည် မြန်မာပြည်သို့ လာရောက်လည်ပတ်ခဲ့သည်။ ၎င်းက ရုရှားအစိုးရထံ အစီရင်ခံရာတွင် မင်းတုန်းမင်းသည် မဟာပီတာဘုရင် အကြောင်း စိတ်ဝင်တစား လေ့လာလိုကြောင်း၊ မြန်မာ့နန်းတွင်း မင်းမှုထမ်း မြန်မာလူငယ်များကို ရုရှားနိုင်ငံ စစ်ဘက်ကာကွယ်ရေး အဖွဲ့အစည်းများတွင် စစ်ပညာသင်ကြားရန် စေလွှတ်လိုကြောင်း ဖော်ပြထားပြီး ယင်းအစီရင်ခံစာကို ထိုစဉ်အခါက နိုင်ငံခြားရေးဝန်ကြီး အလဇန္ဒားဂါရ်ချာကော့ဗ်ထံ လိပ်မူ၍ တစ်စောင်၊ စစ်ဘက်ရေးရာ ကာကွယ်ရေးဝန်ကြီး ဒမီသရီမီလျူကျင်န်ထံ လိပ်မူ၍ တစ်စောင်ကို ပီတာပါရှိနိုမှတစ်ဆင့် စာချွန်တော်သဝဏ်လွှာ နှစ်စောင်ကို ပေးပို့ခဲ့သည်ဟု ဖော်ပြထားပါသည်။ သို့သော်လည်း ထိုအစီအစဉ်အား လက်တွေ့ အကောင်အထည်ဖော်နိုင်သည်ကို မတွေ့ရချေ။

ထို့ပြင် ၁၈၇၇ ခုနှစ်နှင့် ၁၈၇၈ ခုနှစ် ဥရောပသို့ မင်းတုန်းမင်းစေလွှတ်ခဲ့သည့် ခရီးစဉ်များတွင်လည်း ရုရှားနှင့် သံအဆက်အသွယ်ရရန် ထပ်မံကြိုးစားခဲ့သည်ကို တွေ့ရပါသည်။ ပြင်သစ်သို့ ရောက်ရှိနေသည့် ဖန်ချက်ဝန် ဦးရွှေအိုးနှင့် ရုရှားဓာတုဗေဒပညာရှင် မင်ဒီလိတို့ ပဲရစ်တွင် တွေ့ဆုံခဲ့ကြကြောင်း၊ ယင်းနောက် ရုရှားအိမ်ရှေ့စံ နီကိုလိုင် အလက်ဇန္ဒားဆီသို့ မင်ဒီလိကိုယ်တိုင် စာရေး၍ ဘုရင်ထံတင်ပြပေးရန် တောင်းဆိုခဲ့ကြောင်း ဒေါက်တာမျိုးသန့်တင်၏ **ကုန်းဘောင်ခေတ် မြန်မာ့သိပ္ပံပညာရှင်များ**စာအုပ်တွင် ရေးသားထားသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံသည် ဗြိတိသျှအောက် မကျမီ ၁၈၈၅ ခုနှစ်ကလည်း ပဲရစ်တွင် မြန်မာသံအဖွဲ့နှင့် ရုရှားသံအမတ်တွေ့ဆုံခဲ့ပြီး သံတမန်ဆက်သွယ်ရန် ကြိုးစားခဲ့ကြပါသည်။ ရုရှားနှင့် သံတမန်ဆက်ဆံရေးထူထောင်ရန် ကြိုးပမ်းသည့်အချိန်သည် မြန်မာနိုင်ငံအား အင်္ဂလိပ်တို့က ကျူးကျော်စစ် နှစ်ကြိမ်ဆင်နွှဲ၍ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ထားပြီးသည့် အချိန်ဖြစ်နေရာ ရုရှားနိုင်ငံနှင့်သံတမန်ဆက်ဆံရေးထူထောင်ရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုအောင်မြင်ခဲ့သည်ကို မတွေ့ရသော်လည်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်သွယ်မှုများ ရှေးယခင်ကပင်ရှိခဲ့သည်ကို တွေ့ရပါသည်။

> ၁၉၅၇ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ ဆန်တင်ပို့ပေးမှုအတွက် ဆိုဗီယက်ယူနီယံသည် ရန်ကုန်နည်းပညာတက္ကသိုလ်၊ တောင်ကြီးမြို့ရှိ အထွေထွေရောဂါကုဆေးရုံနှင့် ရန်ကုန်ရှိ အင်းလျားလိတ်ဟိုတယ်တို့အပါအဝင် ဆောက်လုပ်ရေးစီမံကိန်းများစွာကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ၁၉၆၇ ခုနှစ်တွင် ကြက်မောက်တောင်ရေလှောင်တမံကိုလည်း ဆိုဗီယက်ပြည်ထောင်စုမှ ဆောက်လုပ်ပေးခဲ့ပါသည်။ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် အားကစားဖလှယ်မှုများပြုလုပ်ခဲ့ကြပြီး ဂီတနှင့် အကအဖွဲ့များ၊ အားကစားကိုယ်စားလှယ်အဖွဲ့များကိုလည်း အပြန်အလှန်စေလွှတ်ခဲ့

## သံတမန်ဆက်ဆံရေးထူထောင်မှု

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ ယင်းနောက် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်သွယ်ရေးကို တည်ထောင်ခဲ့ပါသည်။ ယင်းအချိန်သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက်ပိုင်း စတင်ခဲ့သော အရှေ့နှင့် အနောက် စစ်အေးတိုက်ပွဲကြောင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် ပြိုင်ဆိုင်မှုများ ပြင်းထန်နေချိန် ဖြစ်ပါသည်။

ကမ္ဘာ့စစ်အေးတိုက်ပွဲ၏ အစောပိုင်းကာလမှာပင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီး ယင်းအချိန်က မြန်မာနိုင်ငံအနေဖြင့် သံတမန်ဆက်ဆံရေးကို အရှေ့နှင့် အနောက် မျှတစွာဆက်ဆံခဲ့ပါသည်။ အနောက်အုပ်စုမှ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့နှင့် ဆက်ဆံရေးထူထောင်သကဲ့သို့ အရှေ့အုပ်စုမှ ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်တို့နှင့် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ သံတမန်ဆက်ဆံရေးထူထောင်ပြီး ၁၉၅၅ ခုနှစ်တွင် မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား ပထမဆုံး အဆင့်မြင့်ခရီးစဉ် အပြန်အလှန် သွားရောက်ခဲ့ကြပါသည်။

၁၉၅၅ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ဝန်ကြီးချုပ်ဦးနုသည် ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာလတွင် ဆိုဗီယက်ခေါင်းဆောင်များဖြစ်သော နီကီတာ ခရူရှပ်ဗ်နှင့် နီကိုလိုင်းဘူလ်ဂါနင်တို့ ဦးဆောင်သော ဆိုဗီယက်ပြည်ထောင်စု ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသည်။

ဆိုဗီယက်ဝန်ကြီးချုပ် နီကီတာ ခရူရှပ်ဗ်သည် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့သို့ နောက်ထပ်တစ်ကြိမ် ထပ်မံအလည်အပတ် လာရောက်ခဲ့ပါသည်။ ယင်းခရီးစဉ်မတိုင်မီ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အပြန်အလှန်အကျိုးရှိသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထူထောင်ခဲ့ကြပါသည်။

၁၉၅၇ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ ဆန်တင်ပို့ပေးမှုအတွက် ဆိုဗီယက်ယူနီယံသည် ရန်ကုန်နည်းပညာတက္ကသိုလ်၊ တောင်ကြီးမြို့ရှိ အထွေထွေရောဂါကုဆေးရုံနှင့် ရန်ကုန်ရှိ အင်းလျားလိတ်ဟိုတယ်တို့ အပါအဝင် ဆောက်လုပ်ရေး စီမံကိန်းများစွာကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ၁၉၆၇ ခုနှစ်တွင် ကြက်မောက်တောင်ရေလှောင်တမံကိုလည်း ဆိုဗီယက်ပြည်ထောင်စုမှ ဆောက်လုပ်ပေးခဲ့ပါသည်။ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် အားကစားဖလှယ်မှုများ ပြုလုပ်ခဲ့ကြပြီး ဂီတနှင့် အကအဖွဲ့များ၊ အားကစားကိုယ်စားလှယ်အဖွဲ့များကိုလည်း အပြန်အလှန် စေလွှတ်ခဲ့ကြပါသည်။

သို့သော်လည်း ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် မြန်မာ– ရုရှားဆက်ဆံရေးမှာ လျော့နည်းသွားခဲ့သည်။ ထိုအချိန်က ရုရှားဖက်ဒရေးရှင်းသည် ပြည်တွင်းအသွင်ကူးပြောင်းရေးများကို ပိုမိုအာရုံစိုက်နေရသည့်အတွက် အလှမ်းဝေးသည့် နိုင်ငံများနှင့် ဆက်ဆံရေးများ လျော့ကျခဲ့သည်ကို တွေ့ရသည်။ ရုရှားနိုင်ငံ၏ အခြေအနေများ တိုးတက်လာသည်နှင့် နှစ်နိုင်ငံ ဆက်ဆံရေးများ ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဆိုဗီယက်နိုင်ငံပြိုကွဲပြီးနောက် ရုရှားနိုင်ငံကို ဆိုဗီယက်နိုင်ငံအား ဆက်ခံသူအဖြစ် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် အသိအမှတ်ပြုခဲ့ပါသည်။

## ပူးပေါင်းဆောင်ရွက်မှု

မြန်မာနှင့် ရုရှားနိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြပါသည်။ ထိုပူးပေါင်းဆောင်ရွက်မှုများတွင် စီးပွားရေး၊ ပညာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ စစ်ရေး စသည့်နယ်ပယ်များစွာ ရှိခဲ့ပါသည်။ မြန်မာနှင့် ရုရှားနိုင်ငံတို့သည် ကမ္ဘာ့ပြဿနာများနှင့် ပတ်သက်၍ ရပ်တည်ချက်တူညီခဲ့ကြပြီး

စာမျက်နှာ ၇ သို့ ☆

## ၁၉၆၄ ခုနှစ် ဧပြီ ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မြန်မာ-ဆိုဗီယက်နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုမှုသတင်း

### ရုရှ - ဗမာ လေကြောင်း ပို့ရေး
### ၂နိုင်ငံ သဘောတူစာချုပ် ချုပ်ဆို လိုက်ပုံ

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမတနိုင်ငံတို့ နှစ်ပြည်ထောင် လေကြောင်းပို့ ဆောင်ရေးတွင်တိုက်ရိုက်ဆက်သွယ်မှုရရှိရန် ရည်ရွယ် ချက်ဖြင့် နှစ် ပြည်ထောင်လေကြောင်းသယ်ယူပို့ ဆောင်ရေးသဘောတူစာချုပ်တရပ်ကို ဧပြီလ ၂ရက် နိုင်ငံခြားရေးရုံး၌လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြောင်း။

ယင်းသဘောတူစာချုပ်ကို ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရကိုယ်စား နိုင်ငံခြားရေး ဌာနတာဝန်ခံဦးသီဟန်ကငင်း၊ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စုသမတနိုင်ငံ အစိုးရကိုယ်စား ဆိုဗီယက် သံအမတ်ကြီး မစ္စတာ အေ၊အမ်၊လီဒေါ (ဗ) စကီး ကငင်းအသီးသီး လက်မှတ်ရေးထိုးကြကြောင်း။



ရန်ကုန်မြို့ နိုင်ငံခြားရေးရုံး၌ ၁၉၆၄ ခုနှစ် ဧပြီ ၂ ရက်က မြန်မာ-ဆိုဗီယက်နှစ်ပြည်ထောင် လေကြောင်းသယ်ယူပို့ဆောင်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးအပြီး နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်နှင့် ဆိုဗီယက်သံအမတ်ကြီး မစ္စတာ လီဒေ့ါ(ပ်)စကီးတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✦ **မြန်မာ-ရုရှား ဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ်ကြာသည့်တိုင် မိတ်ဝတ်မပျက် ဆက်ဆံရေးဖြင့် ကမ္ဘာ့နိုင်ငံရေးတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးကို များစွာတိုးမြှင့်နိုင်ခဲ့**

✦ **တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား စိတ်ရင်းစေတနာမှန်ကန်စွာနှင့် ဆက်ဆံနိုင်မှုကြောင့် ယနေ့ဆိုလျှင် စိန်ရတုထိတိုင် မိတ်ဝတ်မပျက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းထားနိုင်သည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်လာနိုင်ပြီဖြစ်**

☆ စာမျက်နှာ ၆ မှ

နိုင်ငံတကာရေးရာ ကိစ္စများတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား အပြန်အလှန် ပံ့ပိုးကူညီမှုများ အစဉ်အဆက်ရှိခဲ့ကြပါသည်။

၂၀၀၉-၂၀၁၂ တွင် မြန်မာနိုင်ငံသည် ရုရှား-အာဆီယံဆွေးနွေးဖက် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် မြန်မာ- ရုရှားဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် ( an Agreement on Cultural Cooperation )၊ ချစ်ကြည်စွာ ဆက်ဆံရေးအခြေခံများဆိုင်ရာကြေညာချက် (a Declaration on the Foundations of Friendly Relations)၊ သံတမန်ရေးနှင့် ဝန်ဆောင်မှု နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဗီဇာဖျက်သိမ်းရေးဆိုင်ရာ သဘောတူညီချက် (an Agreement on the Abolition of Visas for Holders of Diplomatic and Service Passports)၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် (ပြည်ထဲရေးဝန်ကြီးဌာန၊ သဘာဝ သယံဇာတ၊ ယဉ်ကျေးမှုနှင့် အခြားဝန်ကြီးဌာနများအကြား) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍပေါင်းစုံ သဘောတူညီချက်များ (an Agreement on Military-Technical Cooperation and a number of interdepartmental agreements on cooperation (between the Ministries of Internal Affairs, Natural Resources, Culture and others)) တို့အပြင် နှစ်နိုင်ငံအကြား အခြားသဘောတူညီချက်များကိုလည်း လုပ်ဆောင်နိုင်ခဲ့ကြသည်။

ပညာရေး နယ်ပယ်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများစွာ တိုးမြှင့်ခဲ့ပါသည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ရုရှားနိုင်ငံသို့ မြန်မာကျောင်းသားအများအပြား ပညာသင်စေလွှတ်ခဲ့ပြီး ရုရှားဆရာများလည်း မြန်မာကျောင်းများသို့ လာရောက်သင်ကြားမှု ပိုမိုများပြားခဲ့ပါသည်။ ၂၀၀၁ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများနှင့်ဘွဲ့လွန်ကျောင်းသား ၄၀၀၀ ခန့် ရုရှားတက္ကသိုလ်များတွင် ပညာသင်ကြားခွင့် ရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် Rossotrudnichestvo ပညာသင်ဆု အစီအစဉ်အရ မြန်မာနိုင်ငံမှ လူငယ်များအတွက် အစိုးရပညာသင်ဆုများ ပေးအပ်ခဲ့ပါသည်။ ယနေ့ထက်တိုင်လည်း မြန်မာနိုင်ငံမှ ကျောင်းသားများသည် ရုရှားနိုင်ငံတွင် သင်ကြားလျက်ရှိကြသည်။

အခြား ပူးပေါင်းလုပ်ဆောင်မှုများတွင် မြန်မာနိုင်ငံသည် ရုရှားထံမှ ရေနံ တင်သွင်းရောင်းချရေးနှင့် စွမ်းအင်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ရုရှားနိုင်ငံတွင် ပြုလုပ်ခဲ့သော စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေး ဖိုရမ်ကာလအတွင်း မြန်မာနိုင်ငံဘက်မှ ဖိတ်ခေါ်ခဲ့သည်။ ယင်းဖိုရမ်အတွင်း မြန်မာ- ရုရှား နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နှစ်နိုင်ငံအကြား ဆွေးနွေးခဲ့ကြပါသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုအနေဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးတက်ရန် ရည်မှန်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရပါသည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် မြန်မာ- ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုတိုးမြှင့်ရေးအစည်းအဝေးတွင် မြန်မာ့ပို့ကုန်များ ရုရှားနိုင်ငံဈေးကွက်သို့ မဟာဗျူဟာကျကျ ထိုးဖောက်နိုင်ရေး ကြိုးပမ်းနေသည်ကိုလည်း တွေ့ရပါသည်။

နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရုရှား- မြန်မာ ချစ်ကြည်ရေးအသင်းနှင့် မြန်မာ- ရုရှား စီးပွားရေး ဖွံ့ဖြိုးမှုအသင်းတို့ ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ မြန်မာ- ရုရှားနိုင်ငံအကြား ကုန်သွယ်မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၆၀ ကျော်ရှိခဲ့သော်လည်း ယခုအခါ မြန်မာ- ရုရှားနိုင်ငံအကြား ကုန်သွယ်မှုအနေဖြင့် ၂၀၂၂ ခုနှစ် ပထမနှစ်အတွင်းတွင် ၂ ဒသမ ၅ ဆတိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၃၃၅ သန်းကျော်အထိ တိုးတက်လာနေပါသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအပြင် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ သတ္တုကဏ္ဍ၊ စက်မှု၊ လျှပ်စစ်၊ စွမ်းအင်၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ နည်းပညာ စသည့် ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါသည်။

ယင်းမှာ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား မဟာဗျူဟာမြောက် ဘက်စုံဆက်ဆံရေး အစီအစဉ်များလည်း ဖြစ်ပါသည်။

### မြန်မာ့နိုင်ငံခြားရေးမူဝါဒ

မြန်မာနိုင်ငံနှင့် ယနေ့အထိ သံတမန်ဆက်သွယ်ထားသော နိုင်ငံပေါင်း ၁၂၅ နိုင်ငံ ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရာတွင် "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ" (Independent, Active and Non-aligned Foreign Policy) ကို ကျင့်သုံးလျက်ရှိပါသည်။ မြန်မာ့နိုင်ငံခြားရေးမူဝါဒသည် အခြေခံအနှစ်သာရဖြစ်သော လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှု၊ နိုင်ငံတော်လုံခြုံရေး၊ စည်းလုံးညီညွတ်ရေး၊ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရေးနှင့် ငြိမ်းချမ်းရေးတို့သည် ပြောင်းလဲမှုမရှိဘဲ အမျိုးသားအကျိုးစီးပွားကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒအပေါ်ရပ်တည်၍ နိုင်ငံတကာဆက်ဆံရေးကို နှစ်နိုင်ငံဆက်ဆံရေး (Bilateral relations)၊ ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်ရေး (Regional integration) နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး (multilateralism) နယ်ပယ်များတွင် မိတ်ဝတ်မပျက်သည့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်သည့်ဆက်ဆံရေးကို ထူထောင်လျက်ရှိပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် ဆက်ဆံရာတွင် ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်၊ အခြေခံမူများနှင့်အညီ မိတ်ဝတ်မပျက်သည့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးကို လိုက်နာလျက်ရှိပါသည်။

သို့ဖြစ်သည့်အတွက်လည်း မြန်မာ-ရုရှား ဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ်ကြာသည့်တိုင် မိတ်ဝတ်မပျက် ဆက်ဆံရေးဖြင့် ကမ္ဘာ့နိုင်ငံရေးတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးကို များစွာတိုးမြှင့်နိုင်ခဲ့ကြပါသည်။

### ကမ္ဘာ့အခင်းအကျင်းသစ်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးပြယုဂ်

ကမ္ဘာ့အင်အား ချိန်ခွင်လျှာသည် စစ်အေးခေတ်နောက်ပိုင်း ကမ္ဘာကြီးအား တစ်ဦးတည်းမှ လွှမ်းမိုးချုပ်ကိုင်လိုသည့် ဧကဝင်ရိုး (unipolar World) ပုံစံအဖြစ် ရှိနေခဲ့ရာမှ ယခုအခါ ဗဟုဝင်ရိုး (Multi-polar World) ပုံစံသို့ အင်အားချိန်ခွင်လျှာ ကူးပြောင်းနေပြီ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးတွင် ယခင်က အင်အားအကြီးဆုံးနိုင်ငံအဖြစ် တစ်ဖက်သတ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့အသိုက်အဝန်းတွင် တရုတ်၊ ရုရှား၊ ဂျပန်နှင့် EU တို့၏ သိပ္ပံနှင့် နည်းပညာ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးတို့တွင် များစွာတိုးတက်လျက်ရှိပြီး အမေရိကန်နိုင်ငံနှင့် ပခုံးချင်းယှဉ်လာနေကာ ကမ္ဘာကြီး၏အခင်းအကျင်းသစ် (New World Order) အဖြစ်သို့ ကမ္ဘာ့နိုင်ငံရေး ပုံစံကို ပြောင်းလဲနိုင်စွမ်းရှိလာနေပြီ ဖြစ်ပါသည်။

ယင်းသို့ ပြောင်းလဲနေသော ကမ္ဘာကြီး၏ အခင်းအကျင်းသစ်တွင် အမျိုးသားအကျိုးစီးပွားနှင့် အခြေခံမူများသည် အသိသာဆုံးဖြစ်ပြီး ယင်းသည် နိုင်ငံအဆင့်တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်၍ဖြေရှင်းကြရမည့် နက်နဲရှုပ်ထွေးသော အလျှော့အတင်းအခြေအနေများသို့လည်း ဦးတည်စေလျက်ရှိပါသည်။ ကမ္ဘာကြီး၏ အခင်းအကျင်းသစ်အရ နိုင်ငံများအကြား ကွာဟမှုများ လျော့နည်းလာပြီး တစ်ချိန်တည်းတွင် ၎င်းတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပူးပေါင်းလှုပ်ရှားနိုင်ပြီ ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့တစ်ဝန်း၌ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံအချက်များကို ချိုးဖောက်၍သို့မဟုတ် မကိုက်မညီဘဲ အင်အားနည်း နိုင်ငံများအပေါ် ခြိမ်းခြောက်အကျပ်ကိုင်မှုများ၊ လွှမ်းမိုးမှုများ၊ ဝင်ရောက်စွက်ဖက်မှုများ၊ သွေးထိုးမြှောက်ပင့်မှုများ၊ ကြားခံစစ်တလင်းလုပ်ဆောင်မှုများကြောင့် ကမ္ဘာ့နိုင်ငံနှင့်ဒေသအသီးသီး၌ အစဉ်အဆက်မကြုံဖူးသည့် စိန်ခေါ်မှုများ၊ ပဋိပက္ခများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်နေကြရပါသည်။

ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် လွန်ခဲ့သည့် ၇၅ နှစ်ကပင် နီးကပ်စွာ ဆက်ဆံခဲ့ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကျိုးစီးပွားအတွက် မဟာဗျူဟာမြောက်ဘက်စုံဆက်ဆံရေးကို ထူထောင်လျက်ရှိကြပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား စိတ်ရင်းစေတနာမှန်ကန်စွာနှင့် ဆက်ဆံနိုင်မှုကြောင့် ယနေ့ဆိုလျှင် စိန်ရတုထိတိုင် မိတ်ဝတ်မပျက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းထားနိုင်သည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်လာနိုင်ပြီဖြစ်ပါသည်။ ယင်းသို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ ပြယုဂ်ပင် မဟုတ်ပါလား။ ။


**ကိုးကား**

၁။ Thaung Tun Myanmar-Russia Relations in a Changing World: Growing Ties based on Strategic Partnership and Economic Prospects, 21 October 2015

၂။ https://www.facebook.com/rus.mmr/posts/ 2018678 778392163/

၃။ https:// www. bbc. com/burmese/in-depth-60934056

၄။ Myanmar - Russia Relations, https://www.globalsecurity.org/military/world/myanmar/forrel-ru.htm

၅။ https://myanmar.gov.mm/ministry-of-foreign-affairs

၆။ https://npnewsmm.com/news/62cd10180c870c3ae-93e91d6

# မုံရွာစီးပွားရေးတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ



မုံရွာ ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာစီးပွားရေးတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် ညနေပိုင်းတွင် အဆိုပါကျောင်းရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မုံရွာစီးပွားရေးတက္ကသိုလ်ကြီးတွင် စီးပွားရေးပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပြီးဖြစ်၍ ထိုက်တန်သည့်ဘွဲ့အသီးသီးကို ရရှိသွားကြပြီဖြစ်သည့် ဘွဲ့ရမောင်မယ်များအား ဂုဏ်ပြုအမှာစကား ပြောကြားခွင့်ရသည့်အတွက် ယနေ့သည် အလွန်ကျက်သရေမင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ မောင်တို့မယ်တို့ မျှော်မှန်းကြိုးစားခဲ့ကြသည့် ရည်မှန်းချက်ပန်းတိုင်အသီးသီးကို ကောင်းစွာအောင်မြင်ရောက်ရှိခဲ့ကြပြီဖြစ်၍ မောင်တို့မယ်တို့နှင့်အတူ မိဘဆွေမျိုး၊ ဆရာသမား၊ မိတ်ဆွေများအားလုံးကလည်း ဝမ်းမြောက်ဂုဏ်ယူနေကြမည် ဖြစ်ပါကြောင်း။

အမိမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံထောင့်စုံကနေ အားလုံးဝိုင်းဝန်းတည်ဆောက်နေကြသည်မှာ မောင်တို့မယ်တို့ အသိပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့တည်ဆောက်ရာတွင် မောင်တို့မယ်တို့သည်လည်း အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပါဝင်နေပါကြောင်း၊ အမိတက္ကသိုလ်ကြီးမှ သင်ကြားပေးလိုက်သည့် စီးပွားရေးပညာရပ်များကို လက်တွေ့ဘဝတွင် ကောင်းစွာအသုံးချပြီး နိုင်ငံတော်မှအားထားရသည့် စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သည်ဖြစ်စေ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ကြသည်ဖြစ်စေ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကာ အများနှင့်အတူ ပူးပေါင်းညှိနှိုင်းပြီး အတ္တဟိတ ပရဟိတ မျှတအောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူက (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲအခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါမောက္ခချုပ်ထံ မုံရွာစီးပွားရေးတက္ကသိုလ်ဝင်းအတွင်း ပြန်လည်ပြုပြင်နေသည့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က မုံရွာစီးပွားရေးတက္ကသိုလ်အတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA)ဘွဲ့ရ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်အတူ ညစာအတူတကွ သုံးဆောင်ခဲ့ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ရွှေလုပ်ငန်းရှင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ လုံခြုံရေးကိစ္စရပ်များဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ရွှေနှင့်လက်ဝတ်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ရွှေဆိုင်လုပ်ငန်းရှင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ လုံခြုံရေးကိစ္စရပ်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပန်းဘဲတန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းဦးက ဆိုင်အတွင်း ရှုထောင့်ပေါင်းစုံမှ စီစီတီဗွီကင်မရာ တပ်ဆင်ထားရန်လိုအပ်ကြောင်း၊ အမှုအခင်းဖြစ်ပွားပါက မိမိကိုယ်ကိုခုခံကာကွယ်ပိုင်ခွင့်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းလင်းအောင်က လုံခြုံရေးအသိနှင့် လုံခြုံရေးသတိရှိရန် လိုအပ်ကြောင်း၊ ဖုန်း၊ စာရွက်စာတမ်းတို့ဖြင့် ခြိမ်းခြောက်ငွေတောင်းခံရပါက ကြောက်လန့်မှုမရှိဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သတင်းပေးပို့ကြရန်နှင့် စနစ်တကျတိုင်ပင်ပြီး ဖြေရှင်းနိုင်ကြောင်း၊ မြို့နယ်အတွင်း ရွှေဆိုင်လုပ်ငန်းရှင် ၁၄၀ ခန့်ရှိရာ အသိပညာနှင့် နည်းပညာများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွှေဈေးကွက်တည်ငြိမ်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး မသမာသူ ဈေးကစားသူများက ရွှေဈေးဆွဲချ၊ ဆွဲတင်မှုများရှိကြောင်း၊ ရွှေဆိုင်လုပ်ငန်းရှင်များ ဆုံးရှုံးမှုနှင့်ကြုံတွေ့ရပြီး ကောလာဟလသတင်းများကို မယုံကြည်ကြရန် ပြောကြားသည်။

**မျိုးမင်းသူရ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ



မအီကျိုင်အပန်းဖြေစခန်းကို တည်ထောင်သူ ကိုဝင်းဇော်က ပြောကြားသည်။

Mountainside Resort အပန်းဖြေစခန်း အမျိုးအစားဖြစ်ပြီး ယခုကဲ့သို့ အများပြည်သူ တည်းခိုနိုင်ရန် ဘန်ဂလိုများ၊ တဲအိမ်များ ဆောက်လုပ်ပြီး အပန်းဖြေစခန်း ဖွင့်လှစ်ရခြင်းမှာ မိမိတို့ဒေသသို့ ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ အဆင်ပြေပြေ တည်းခိုနေထိုင်နိုင်ရန်နှင့် မိမိတို့ဒေသတွင် စိမ်းစိုနေသည့် သစ်ပင်ဝါးပင်များ၊ တသွင်သွင်စီးဆင်းနေသည့် စမ်းချောင်းလေးများ၊ မြင့်မားမတ်စောက်သည့် တောင်တန်းကြီးများနှင့် တိမ်ပင်လယ်၊ ချမ်းစိမ့်စိမ့်ရာသီဥတုနှင့် သာယာလှပသော ရှုမျှော်ခင်းများဖြင့် ပြည့်နှက်နေသည့် နေရာတစ်ခုရှိနေခြင်းကို ရပ်နီးရပ်ဝေးမှ ခရီးသွားများကိုသိစေချင်၍ဖြစ်ကြောင်း ၎င်းကပြောသည်။

မအီကျိုင် အပန်းဖြေစခန်းသို့ ယခုနှစ်အတွင်း လာရောက်လည်ပတ်သူမှာ ယခင်နှစ်ထက်များပြားကြောင်း၊ အများအားဖြင့် ရပ်နီးရပ်ဝေးမှ လာရောက်ကြသည့် စက်တော်ရာ ဘုရားဖူးများနှင့် အဖွဲ့လိုက်ဘုရားဖူးလာကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဖြစ်ကြောင်း သိရသည်။ "ဗုဒ္ဓစက်တော်ရာ ဘုရားလည်းဖူး၊ ကုသိုလ်ယူရင်း အနားယူလို့ရအောင် စီစဉ်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ မအီကျိုင်ကိုရောက်လာရင်တော့ လှေစီးမလား၊ ရေကူးမလား၊ ငါးစာကျွေးမလား၊ ငါးမျှားမလား၊ ညဘက်ဆိုရင် သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး မီးပုံပွဲလုပ်ပြီး ဂစ်တာတီးကြမလား နှစ်သက်ရာကို လွတ်လပ်စွာလုပ်လို့ရပါတယ်။ လာရောက်လည်ပတ်သူတွေ အနေနဲ့ မိမိတို့ကိုယ်တိုင် ထမင်းဟင်းချက်စားမည်ဆိုပါကလည်း အိုးခွက်ပန်းကန်များကို အစစအဆင်ပြေအောင် စီစဉ်ပေးထားပါတယ်။ လုံခြုံရေးကိုလည်း တာဝန်ယူပေးထားပါတယ်။ မအီချောင်းစက်တော်ရာကို ဖူးမြော်ရင်း ချမ်းစိမ့်စိမ့်ရာသီဥတုနဲ့ လှပတဲ့မြင်ကွင်းတွေကို မြင်ဖူးချင်ရင်တော့ "မအီကျိုင်" ကို အရောက်လှမ်းခဲ့ဖို့ ပြောချင်ပါတယ်။ "ကျိုင်"ဟူသည့် ရခိုင်ဝေါဟာရမှာ " လျှိုမြောင် တောင်ကြား" ကိုဆိုလိုခြင်းဖြစ်ပါတယ်"ဟု ကိုဝင်းဇော်က ပြောကြားသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# လောက်ကိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊မိသားစုဝင်များနှင့်ဒေသခံ ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် နိုင်နိုင်ဦးနှင့်အဖွဲ့များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး



တိုးတက်ကောင်းမွန်မှု အခြေအနေများ မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ် ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာသုဗောဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထူပါဓေယျကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋက စိန်ရွှေဖူးကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်ရာဇာပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ ကျွန်းကလေးပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ခေမာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သရက်ပင်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ပဋ္ဌာနရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဒူကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ဇမ္ဗူအေးစေတီတပ်ဦးကျောင်းတိုက်များသို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

တွဲလက်ခိုင်ကျည် ပေါင်းစုညီ
ဒို့ညီနောင်ထု ပြည်ထောင်စု။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့ မရမ်းချောင်ကျေးရွာ၊ စပါးရိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာ၊ စပါးရိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၈၆ ဦးကို ယင်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၅၈၁ ဦး၊ ခွဲစိတ်ရောဂါ ၈၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၇၉ ဦး၊ ကလေးရောဂါ ၈၃ ဦး၊ အရိုးရောဂါ ၁၃၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၆ ဦး၊ မျက်စိရောဂါ ၁၂၉ ဦးနှင့် သွားရောဂါ ၉၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေ ခွဲစိတ်လူနာ ၂၁ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၇၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



■

# ဘိုကလေးမြို့နယ် ကျေးရွာငါးရွာ၌ ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှုစစ်ဆေး

**ဘိုကလေး ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ ကျေးရွာ ငါးရွာ၌ ဆိုလာစနစ်သုံး



စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်၊ ဦးစီးအရာရှိ ဦးမိုးဝင်းနှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ဆန်း၊ ကသဲမျှင်၊ ကသဲပေါင်း၊ ကွင်းပုန်းနှင့် ရွှေပြည်သာကျေးရွာတွင် ဆီထွက်သီးနှံများစိုက်ပျိုးနိုင်ရန်အတွက် ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာငါးရွာတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာရေတင်စနစ်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၇၉ ဒသမ ၃၈၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Sandi Solar ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**၂၂၂**

❖

# ပေါင်းတည်မြို့နယ်၌ နေကြာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ပေါင်းတည် ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် ဆီထွက်သီးနှံ (နေကြာ)ကို စားသုံးဆီဖူလုံရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် တိုးမြှင့်စိုက်ပျိုးထားရှိရာ ယခုအခါ တောင်သူများစိုက်ပျိုးထားသော နေကြာစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆီထွက်သီးနှံ(နေကြာ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဆောင်းရာသီစိုက်ပျိုးသီးနှံအဖြစ် ၁၅၁၇ ဧက စိုက်ပျိုးထားပြီး တောင်သူအများစုသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆီထွက်သီးနှံ(နေကြာ)တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အကောင်အထည်ဖော်စိုက်ပျိုးထားခြင်းဖြစ်ကြောင်းနှင့် နေကြာစိုက်ကျေးရွာများအနက် နတ်ပုတီးကျေးရွာမှ တောင်သူ ၁၀၂ ဦးသည် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့နှင့်ပူးပေါင်း၍ ဆီထွက်သီးနှံ (နေကြာ)သီးသန့် ၂၃ ဧကနှင့် သီးညှပ် ၂၃၆ ဧက စိုက်ပျိုးထားရှိပြီး ဖြစ်ထွန်းအောင်မြင်လျက် ရှိကြောင်း သိရသည်။

**သူရကြီး ( ပြန်/ဆက် )**

■

# ရေတင်များဖြင့် စိမ်းလန်းစေမည့် ညောင်ဦးဒေသ စိုက်ကေများ

**ကောင်းထက်**

**စပါး၊ ပဲ၊ ပြောင်း၊ နေကြာ စသည်ဖြင့် စိုက်ပျိုးသီးနှံမျိုးစုံ ရာသီပတ်လုံးစိုက်ပျိုးနိုင်အောင် ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်စီမံကိန်း ငါးခုကို အကောင်အထည်ဖော်ထားပြီးဖြစ်သည်။ မိုးနည်းရပ်ဝန်းဒေသဖြစ်သော်လည်း စိုက်ခင်းများတွင် ရာသီပတ်လုံးစိုက်ပျိုးနိုင်အောင် မြစ်ရေတင်များ တည်ဆောက်ထားရှိမှုကြောင့် စိုက်ပျိုးရေရရှိနေသဖြင့် တောင်သူများ သီးနှံအထွက်တိုးရေးကို ကြိုးပမ်းအားထုတ်လျက်ရှိသည်။**

**အကျိုးပြုဧက ၁၆၄၈၅ ဧကရှိ**

ညောင်ဦးခရိုင်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး (ရေအရင်းအမြစ်) က စိုက်ပျိုးရေ ပေးဝေနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် လက်ပံခြေပေါ် မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ငှါသရောက်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာမြစ်ရေတင်ဟူ၍ ရေတင်လုပ်ငန်းငါးခုရှိရာ ငှါသရောက်မြစ်ရေတင်တွင် အကျိုးပြုဧက ၂၁၈၅ ဧက၊ လက်ပံခြေပေါ် မြစ်ရေတင်တွင် အကျိုးပြုဧက ၁၀၀၀၊ သူကောင်းတည် မြစ်ရေတင်တွင် အကျိုးပြုဧက ၄၃၀၀၊ ကျောက်ကူးမြစ်ရေတင်တွင် အကျိုးပြုဧက ၁၈၀၀ နှင့် လောကနန္ဒာမြစ်ရေတင်တွင် အကျိုးပြုဧက ၇၂၀၀ စုစုပေါင်းအကျိုးပြုဧက ၁၆၄၈၅ ဧကရှိကြောင်း သိရသည်။

မိုးရွာသွန်းမှုနှင့် ရေလိုအပ်ချက်တို့ပေါ်မူတည်၍ အဆိုပါ မြစ်ရေတင်လုပ်ငန်း ငါးခုမှ နှစ်စဉ်လိုအပ်သော စိုက်ပျိုးရေ/ဖြည့်စွက်ရေများ ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညောင်ဦးခရိုင် (ရေအရင်းအမြစ်) ၏ အချက်အလက်များအရ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညောင်ဦးခရိုင် (ရေအရင်းအမြစ်) သည် ၂၀၂၂-၂၀၂၃ ဆောင်းသီးနှံ/နွေသီးနှံများကို စိုက်ပျိုးရေ ပေးဝေသွားနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသဟာ တောင်သူလုပ်ငန်းနဲ့ အသက်မွေးတဲ့သူများတဲ့အတွက် တောင်သူတွေရဲ့ စိုက်ပျိုးရေးအတွက် အဓိကကျတဲ့ စိုက်ပျိုးရေရရှိရေးကို ကြိုးပမ်းဖော်ဆောင်ပေးရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မိုးရေချိန်က ပျမ်းမျှ ၂၈ လက်မသာရရှိတဲ့အတွက် မိုးမျှော်ပြီးစိုက်လို့ရှိရင် သီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ မသေချာဘူး။ ကျွန်တော်တို့မြို့နယ်မှာ ဖြတ်သန်းစီးဆင်းသွားတဲ့ သဘာဝအရင်းအမြစ်ဖြစ်တဲ့ ဧရာဝတီမြစ်ကို အသုံးချနိုင်ဖို့ ကြိုးစားရတယ်။ ဒီအတွက် မြစ်ရေတင်စီမံကိန်းငါးခုကို အကောင်အထည်ဖော်ပြီး စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်" ဟု ညောင်ဦးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)က ပြောကြားသည်။



ငှါသရောက်မြစ်ရေတင်လုပ်ငန်း ရေတင်အဆင့်(၂) တွင် ဆိုလာစနစ်(567 k W )တွဲဖက်တပ်ဆင်၍ ရေပေးဝေစဉ်။

**တစ်နှစ်လျှင် နှစ်သီး၊ သုံးသီး စိုက်ပျိုး၍ အကျိုးအမြတ်ရရှိ**

ထိုသို့ တောင်သူများအတွက် စိုက်ပျိုးရေ နှစ်စဉ် ပေးဝေရာတွင် အသုံးပြုခဲ့သည့် လျှပ်စစ်ဓာတ်အားခ တစ်ဧက ပျမ်းမျှ ၁၇၀၀၀၀ ကျပ်အထိ ကုန်ကျလျက်ရှိနေသည်။ တောင်သူများက ရေခွန်ပေးဆောင်ရမှုမှာ မိုးစပါး တစ်ဧကလျှင် ၆၀၀၀ ကျပ်နှုန်း၊ နွေစပါး တစ်ဧကလျှင် ၉၀၀၀ ကျပ်နှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ၃၀၀၀ ကျပ်နှုန်းသာ ပေးဆောင်ရပြီး တစ်နှစ်လျှင် နှစ်သီး၊ သုံးသီး စိုက်ပျိုး၍ အကျိုးအမြတ်ရရှိမှုကြောင့် တောင်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေရာတွင် ရေတင်စီမံကိန်းလေးခုသည် မြစ်အတွင်းမှ ရေတင်ရသည့်အဆင့်များပြားခြင်း၊ မြေသဘာဝသည် သဲဆန်ခြင်းတို့ကြောင့် ရေပေးဝေမှုပမာဏ များပြားသဖြင့် ဓာတ်အားခ ကုန်ကျစရိတ်များပြားခြင်းဖြစ်သည်။ ထိုကဲ့သို့ တောင်သူများ၏ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေတင်ရာတွင် လျှပ်စစ်ဓာတ်အားခ ကုန်ကျစရိတ်ကို လျှော့ချနိုင်ရန် ရေတင်လုပ်ငန်းများ၌ ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာဓာတ်အားသုံးစနစ်များ တွဲဖက်တပ်ဆင်ခြင်းကို စီမံဆောင်ရွက်လျက်ရှိသည်။

"ငှါသရောက်မြစ်ရေတင် ရေတင်အဆင့် (၂) နဲ့ လက်ပံခြေပေါ် မြစ်ရေတင် ရေတင်အဆင့် (၂) တို့မှာ ဆိုလာစနစ် တွဲဖက်တပ်ဆင်ခြင်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီး ရန်ပုံငွေနဲ့ ဆောင်ရွက်ပြီးစီးခဲ့ပါပြီ။ ကျန်တဲ့မြစ်ရေတင်တွေကိုလည်း ဆိုလာဓာတ်အားသုံးစနစ်တွေ ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဓိကကတော့ ဓာတ်အားခကုန်ကျစရိတ် သက်သက်သာသာနဲ့ တောင်သူကို အကျိုးပြုနိုင်ဖို့နဲ့ လျှပ်စစ်ရေတင်တွေကို ဆိုလာတပ်ဆင်လိုက်လို့ ပိုလျှံလာတဲ့ ဓာတ်အားတွေကို ပြည်သူတွေ မျှဝေသုံးစွဲလာနိုင်ဖို့အတွက် ဆောင်ရွက်ရတာပါ" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းပြသည်။

**ဆိုလာစနစ်သုံး အနိမ့်တင်ပန့်များကို တပ်ဆင်ဆောင်ရွက်**



လောကနန္ဒာမြစ်ရေတင်လုပ်ငန်းဧရိယာအတွင်းရှိ Upland Area များကို ဆိုလာစနစ်သုံး အနိမ့်တင်ပန့်များတပ်ဆင်၍ ဆောင်းသီးနှံရေပေးဝေစဉ်။

ယခုဘဏ္ဍာနှစ်တွင် လောကနန္ဒာမြစ်ရေတင်ဧရိယာအတွင်း ရေပေးမြောင်းများမှ တိုက်ရိုက်မရောက်သည့် Upland Area များကို ရေတင်ပေးနိုင်ရေး ဆိုလာစနစ်သုံး အနိမ့်တင်ပန့်များကို တပ်ဆင် ဆောင်ရွက်လျက်ရှိကြောင်း ညောင်ဦးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ညောင်ဦးခရိုင်အတွင်းရှိ မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေးသာမက မြစ်ရေတင် ရေပေးမြောင်းအနီးရှိ ကျေးရွာ ၂၈ ရွာအတွက် ရေကန် ၂၈ ကန်ကို တည်ဆောက်ပေးခဲ့ပြီး သောက်သုံးရေ လိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

"မိုးနည်းတဲ့ဒေသဆိုတော့ မိုးမျှော်လုပ်ရမယ့် စိုက်ပျိုးရေးဆိုရင် အဆင်မပြေဘူး။ သီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့မသေချာဘူး။ ကျွန်တော်တို့ဒေသအတွက် ဧရာဝတီမြစ်ကနေ မြစ်ရေတင်ဆောင်ရွက်ပေးလို့သာ စိုက်ပျိုးရေးကို စိတ်ချလက်ချ လုပ်နိုင်ကိုင်နိုင်ပြီး တောင်သူတွေ နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးလာနိုင်လို့အဆင်ပြေကြတာ။ ဒါ့အပြင် မြောင်းလက်တံတွေက တစ်ဆင့် သောက်သုံးရေကန်တွေကိုပါ ရေဖြည့်ပေးတော့ သောက်သုံးရေပါ အဆင်ပြေပြီး ကျွဲ/နွား တိရစ္ဆာန်တွေကိုပါ မွေးမြူလာနိုင်တယ်။ နှစ်မိုင်လောက်ဝေးတဲ့ မြစ်ထဲအထိ ရေဆင်းခပ်စရာမလိုတော့တဲ့အတွက် အချိန်ကုန်၊ လူပန်းလည်း သက်သာတာပေါ့။ ရွာထဲကသစ်ပင်တွေလည်း အရင်က နွေရာသီဆို အရွက်တွေမရှိတော့ဘူး။ အခုဆို တစ်နှစ်ပတ်လုံး စိမ်းလန်းပြီး အပင်တွေလည်း မသေတော့ဘူး။ ဒီတော့ မြစ်နဲ့နီးတဲ့ဒေသတွေမှာ မြစ်ရေတင် များများရှိတော့ တောင်သူတွေနဲ့ ကျေးလက်နေပြည်သူတွေအတွက် ကောင်းတာပေါ့။ ဒါမှ စိုက်ပျိုးရေးကို အားထည့်လုပ်နိုင်မှာ" ဟု နတ်ကြို့အိုင်ကျေးရွာမှ တောင်သူ ဦးအောင်ညို (လောကနန္ဒာမြစ်ရေတင်ဧရိယာမှ တောင်သူ) က ဆိုသည်။

**WUG ၉၃ ဖွဲ့ကို ဖွဲ့စည်းထား**

ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ရေတင်ငါးခုမှ မြစ်ရေတင်ဧရိယာအတွင်း စိုက်ပျိုးရေ အသုံးချလျက်ရှိသော တောင်သူများ ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (WUG) ၉၃ ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဆက်လက်၍လည်း ရေသုံးစွဲသူများအသင်း (WUA) ကို ဖွဲ့စည်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ဒေသမှာ ရေသုံးစွဲတဲ့ တောင်သူတွေ ကိုယ်တိုင်ပါဝင်တဲ့ WUG လည်း ရှိနေပြီ။ ဒီထဲမှာဆိုရင် ရေသုံးစွဲတဲ့တောင်သူဦးရေ ၃၇၁၄ ဦး ပါဝင်တာဖြစ်ပါတယ်။ ဒီအသင်းတွေစုပေါင်းပါဝင်တဲ့ WUA ကိုလည်း ဆက်လက် ဖွဲ့စည်းနိုင်ရေးကိုလည်း ဆောင်ရွက်နေပါပြီ။ ဒီအသင်းအဖွဲ့နဲ့ လုပ်တဲ့ အားသာချက်က ရေကိုစနစ်တကျနဲ့ အလေအလွင့်မရှိဘဲ စိုက်ပျိုးရေးအတွက် အကျိုးရှိရှိ သုံးနိုင်တာပဲ။ အများနဲ့လုပ်တော့ အမြင်ပိုကျယ်တယ်။ သီးနှံစိုက်တာဆိုရင်လည်း အကျိုးများမယ့် သီးနှံပုံစံတွေ သိလာရတယ်" ဟု ရေအသုံးချသူများအဖွဲ့ (WUG) တွင် ပါဝင်သည့် လက်ပံခြေပေါ်ကျေးရွာမှ တောင်သူ ဦးစိုးနိုင်ဝင်း (လက်ပံခြေပေါ် မြစ်ရေတင်ဧရိယာ) က ပြောသည်။

လယ်ကြားရေသွင်းမြောင်းတစ်ခုမှ မြစ်ရေတင် ရေသောက်တောင်သူ အချင်းချင်း အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အလေ့အကျင့်ကောင်းများ ရရှိစေရေး၊ မြစ်ရေပေးဝေမှု စီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များနှင့် မြစ်ရေတင်မြောင်း အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းစဉ်များကို မြစ်ရေတင်ရေဖြင့် အသုံးပြုတောင်သူများ ကောင်းစွာသိရှိနားလည်စေပြီး ဌာနနှင့်အတူ

စာမျက်နှာ ၁၁ သို့ ☆




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မြန်မာတူရိယာဂီတပညာကျော်များ စာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပန်တျာမြင့်အောင်၏ "မြန်မာတူရိယာဂီတပညာကျော်များ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ၁၉၆၂ ခုနှစ်က စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်ဖြစ်ပြီး စာအုပ်တန်ဖိုးမှာ အဖိုးနည်း တစ်ကျပ်တန်စာအုပ်ဖြစ်သည်။ ထိုခေတ်ထိုအခါက သက်ရှိထင်ရှားရှိကြသည့် သီချင်းကြီးကဏ္ဍမှ တူရိယာဂီတပညာရှင်ကြီး ၁၂ ဦး၏ အတ္ထုပ္ပတ္တိကို နောင်လာနောက်သားများသိရှိကာ အတုယူအားကျစေရန်နှင့် ဂုဏ်ယူတန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ စာပေဗိမာန်က ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခြင်း ဖြစ်သည်။

မြန်မာတို့၏ ဆိုင်းတူရိယာမျိုးမှာ တစ်မူထူးသော တူရိယာမျိုးဖြစ်ကာ ပတ်မကြီးနှင့် ဆိုင်းဝိုင်းကြီးမှာ မြန်မာနိုင်ငံမှလွဲ၍ မည်သည့်နိုင်ငံတွင်မှ မရှိခဲ့ပုံ၊ အနောက်တိုင်း တီးဝိုင်းများတွင် တီးဝိုင်းဆရာက တုတ်ကလေးတစ်ချောင်းနှင့် မည်သို့တီးရန် အဖွဲ့သားများကို ပြသပေးရသော်လည်း မြန်မာဆိုင်းဝိုင်းတွင်မူ တီးဝိုင်းဆရာမရှိဘဲနှင့် အားလုံးညီတူညာတူ တီးမှုတ်နေကြသည်ကို နိုင်ငံခြားသားများ အလွန်နှစ်ခြိုက်ကာ အံ့သြချီးမွမ်းကြပုံ၊ ဗြိတိသျှအစိုးရက မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်သော ဂီတပညာကို ဥပေက္ခာပြုထားသည့် ခေတ်အခါတွင် ဂီတပညာရှင်များ တိုးပွားစေရန် ဂီတသုတေသနအသင်း တည်ထောင်ကြပုံ စသည်ဖြင့် ဂီတသုခုမပညာရှင်များ၏ စိတ်နေသဘောထား၊ ထိုဆရာကြီး၊ ဆရာမကြီးများ၏ ပညာဆည်းပူးသင်ယူခဲ့ရပုံများနှင့် ဘဝရုန်းကန်ခဲ့ရပုံများကို စာရေးသူကိုယ်တိုင် တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ပြုစုထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## စောင်းညို့သံနှယ် ကဗျာတစ်ရာ့နှစ်ဆယ်စာအုပ် ဖြန့်ချိ




စာရေးသူ အလင်္ကာကျော်စွာ၊ စည်သူ တက္ကသိုလ်မြတ်သူ (အမျိုးသားစာပေတစ်သက်တာဆုရ) ရေးသားသည့် စောင်းညို့သံနှယ် ကဗျာတစ်ရာ့နှစ်ဆယ် ကဗျာစာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာ တက္ကသိုလ်မြတ်သူ ရေးဖွဲ့ခဲ့သော ကဗျာ ၇၅ ပုဒ်ကို ၁၉၉၅ ခုနှစ်တွင် ရွှေစောင်းသံကဗျာများဟူသောခေါင်းစဉ်ဖြင့် ထုတ်ဝေခဲ့ရာ ထိုနှစ် အမျိုးသားစာပေ(ကဗျာ)ဆုရရှိခဲ့သည်။ ဆရာတက္ကသိုလ်မြတ်သူက ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့ ကျွန်တော် အသက် ၉၀ ပြည့်သည့်နေ့တွင် အသက်(၉၀)၊ ကဗျာ(၉၀)စာအုပ် အမှတ်တရထုတ်ရန် ကြိုးစားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် မထုတ်ဖြစ်ခဲ့ကြောင်း။ သို့သော်လည်း ဆရာက စာကဗျာမော်ကလည်း မကုန်သေး၍ လူမမာဘဝဖြင့်ပင် ရေးခဲ့သော ကဗျာများ ပြန်လည်ရှာဖွေခဲ့ရာ ယခင် ရွှေစောင်းသံကဗျာ ၇၅ ပုဒ်နှင့်ဆိုလျှင် ၁၂၀ ခန့် စုမိလာသဖြင့် စောင်းညို့သံနှယ် ကဗျာတစ်ရာ့နှစ်ဆယ် စာအုပ်ကို အမှတ်တရ ထုတ်ဝေလိုက်ခြင်းဖြစ်သည်ဟု ဆိုထားသည်။ စာရေးသူသည် ကျောင်းဆရာ၊ ဥပဒေပညာရှင်ရှေ့နေ၊ သတင်းထောက်၊ အယ်ဒီတာ၊ စာရေးဆရာ စသည့် ဘဝမျိုးစုံကျင်လည်ခဲ့သူဖြစ်သကဲ့သို့ သူ၏ ကဗျာများသည်လည်း အကြောင်းအရာ အမျိုးအစားစုံလင်လှသည်။ ကဗျာခေါင်းစဉ်အချို့ကို ထုတ်နုတ်ပြရလျှင် ပန်းပြိုင်ရာသီ၊ နွေပန်းချီ၊ စောင်းအိုရှင်၊ ဂီတနှင့် စာပေ၊ ပလောင်တို့ပျော်စရာ၊ ကရင်နှစ်ကူး သစ်ဦးလန်းရွှင်၊ ထန်းသမားတို့ မွဲတေတေ၊ သတင်းစာဆရာ လီနင်၊ စစ်ထွက်ယောက်ျား၊ ယဉ်ကျေးမှုအမွေ ပုဂံမြေ၊ တော်လှန်ရေးသရုပ် စသည့်ကဗျာများကို ပဏာမကဗျာစုအပါအဝင် ကဗျာစု ၁၀ ဖြင့် စုစည်းဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို မိုးကျော်စာပေ အမှတ် (၃၈၅/ ၃၈၇) ရွှေဘုံသာလမ်း၊ ၂၉ လမ်းကြား၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၉-၇၃၀၂၉၅၉၁ ၊ ၀၉-၇၃၂၄၅၂၅၇ မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "(၇၅) နှစ်ပြည့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်" မျက်နှာဖုံးဆောင်းပါးနှင့် ဝတ္ထုတိုများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇန်နဝါရီလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ စန်းနီလာဝင်း၊ ခင်မောင်အေး၊ ဆောင်းဝင်းလတ်၊ စိုးစိုး(ပန်းတောင်း)၊ ဒေါက်တာသန်းထွဋ်တို့၏ "(၇၅) နှစ်ပြည့် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်" မျက်နှာဖုံးဆောင်းပါးနှင့် ဝတ္ထုတိုများ၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ညီညီဖေ၊ ညီမော်သိမ်း၊ ရဲထက်ဇော်၊ ဖြူနှင်းခင်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ K.M.A တို့၏ နိုင်ငံတကာနှင့် ဒီမိုကရေစီဆိုင်ရာဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၏ ရွေးကောက်ပွဲဆိုင်ရာဆောင်းပါး၊ ပါမောက္ခ ကိုကိုအောင်၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)၊ မြသိန်းတို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ထက်ဝေအောင်(စစ်ကိုင်း)၏ အကြမ်းဖက်မှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာကောင်းစံ၊ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်၊ ဒေါက်တာမြင့်သန်းတို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ သန်းစော(စီပီအေ)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ စောနိုင်(အသုံးချဘောဂဗေဒ)တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ နိုင်သောင်းထွဋ်၊ ကြည်လွင်ဦး(ရေနံ)၊ ခြယ်မှုန်းသီ၊ စိန်ဝင်းနွယ်၊ လင်း(ဆေး-၁)၊ လင်းထက်သော်တာ၊ စိန်ဝင်းမော်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ ■

✯ စာမျက်နှာ ၁၀ မှ

> ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေရာတွင် ရေတင်စီမံကိန်းလေးခုသည် မြစ်အတွင်းမှ ရေတင်ရသည့်အဆင့်များပြားခြင်း၊ မြေသဘာဝသည် သဲဆန်ခြင်းတို့ကြောင့် ရေပေးဝေမှုပမာဏ များပြားသဖြင့် ဓာတ်အားခကုန်ကျစရိတ် များပြားခြင်းဖြစ်သည်။ ထိုကဲ့သို့ တောင်သူများ၏ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေတင်ရာတွင် လျှပ်စစ်ဓာတ်အားခကုန်ကျစရိတ်ကို လျှော့ချနိုင်ရန် ရေတင်လုပ်ငန်းများ၌ ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာဓာတ်အားသုံးစနစ်များ တွဲဖက်တပ်ဆင်ခြင်းကို စီမံဆောင်ရွက်လျက်ရှိ

ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရေး၊ ရေပေးရေယူ အခက်အခဲများ ပူးပေါင်းဖြေရှင်းနိုင်စေရေး၊ မြစ်ရေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ကြသော တောင်သူများ မိမိတို့ စိုက်ပျိုးရေယာအတွင်း ရေဖြန့်ဝေမှုစနစ်နှင့် သီးနှံစိုက်ပျိုးမှုပုံစံတို့ကို အကောင်းဆုံးဖြစ်အောင် ကိုယ်တိုင်စီမံပါဝင်နိုင်ရေးတို့အတွက် ရေအသုံးချသူများအဖွဲ့ (WUG)နှင့် ရေသုံးစွဲသူများအသင်း (WUA) များကို ဖွဲ့စည်းရခြင်းဖြစ်သည်။

ထိုကဲ့သို့ ရေအသုံးချသူ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော ဆည်ရေစီမံခန့်ခွဲမှု အားကောင်းခိုင်မာပြီး ရေစီမံခန့်ခွဲမှု စနစ်တကျ တိုးတက်အောင် ဆောင်ရွက်နိုင်ပါက ပြုပြင်ထိန်းသိမ်းစရိတ် ကုန်ကျငွေများကို အနည်းဆုံးဖြစ်အောင် တစ်ဖက်မှ စီမံဆောင်ရွက်လာနိုင်သကဲ့သို့ လျှပ်စစ်ဓာတ်အားခ ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

ယင်းသို့ စီမံဆောင်ရွက်လာနိုင်မှုနှင့်အတူ တောင်သူများအတွက် ရေလိုအပ်ချက်ကို အချိန်ကိုက်ပေးဝေနိုင်ခြင်း၊ ရေပေးဝေရမည့် သတ်မှတ်ဧရိယာများကို အညီအမျှ ပေးဝေနိုင်ခြင်း၊ ရေသွင်း စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ အကျိုးသက်ရောက်မှုကို အကောင်းဆုံးဖြစ်စေခြင်း၊ စဉ်ဆက်မပြတ် တိုးတက်လာသော စိုက်ပျိုးရေးနည်းစနစ်များကို အခြေခံ၍ သီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်လာနိုင်ခြင်းတို့ကိုပါ တစ်ပါတည်း ဖော်ဆောင်သွားနိုင်မည် ဖြစ်သည်။

သို့အတွက် ရေအသုံးချသူများ ကိုယ်တိုင် ပူးပေါင်းပါဝင်သည့် ဆည်မြောင်းစနစ်ကို လက်တွေ့အသုံးချ ဆောင်ရွက်နိုင်ရန်အတွက် ရေအသုံးချသူများ အဖွဲ့/ အသင်းကို ထူထောင်ခြင်း၊ နည်းပညာဖြန့်ဝေခြင်းဆိုင်ရာ သင်တန်းများပေးခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် သက်ဆိုင်ရာဌာနဆိုင်ရာနှင့် ပူးပေါင်းကာ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ဆည်ရေသောက် စနစ်များ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ရေကို ပိုမိုအကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် Participatory Irrigation Management (PIM) Guideline (မြန်မာဘာသာ) ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အချုပ်အားဖြင့် ဆိုရလျှင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် တောင်သူစီးပွားအကျိုးများစေရန်အတွက် ဒေသနှင့်သဘာဝအရ ဆက်စပ်တည်ရှိနေသည့် ရောဝတီမြစ်ရေနှင့် နေရောင်ခြည်စွမ်းအင်ကို ပေါင်းစပ်အသုံးပြုထားသည့် ဆိုလာမြစ်ရေတင် စီမံကိန်းများဖြင့် စိုက်ပျိုးရေပေးဝေကာ တောင်သူအကျိုးကို ကြိုးပမ်းဖော်ဆောင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၇၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၀၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၀၈,၃၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၈၀၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၁-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၇၁,၄၇၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၇,၃၉၂) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၁-၁-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၇၁,၄၇၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၇,၃၉၂ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## မိုးနဲမြို့နယ် နောင်ကျော့အလယ်တန်းကျောင်း(ခွဲ)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မိုးနဲ ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ပညာရေးစုံညီပွဲတော်ကို ယမန်နေ့ နံနက် ၉ နာရီခွဲက နောင်ကျော့ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

**ချီးမြှင့်**

ထို့နောက် KG ပြီးစီးကြောင်း လက်မှတ်များ၊ ၂၀၂၁-၂၀၂၂ ပညာရည်ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ကျောင်းတွင်း ဉာဏပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးကြရာ နောင်ကျော့ အလယ်တန်းကျောင်း(ခွဲ)ရှိ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူလေးများက အကပဒေသာများဖြင့် ကပြဖျော်ဖြေပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂၂**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက မော်လမြိုင် အထက(၉) ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် အထက(၉) မှ အထက်တန်းပြ ဆရာမ ဒေါ်ထိုက်ထိုက်ကျော်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အထက(၉)မှ အထက်တန်းပြ ဆရာမ ဒေါ်မိုးမိုးလှိုင်နှင့် လူငယ်ရေးရာကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီစိုးတို့က ဦးဆောင် ဖြည့်စွက်ဆွေးနွေးကာ အထက(၉) Grade-10 နှင့် Grade-11 မှ ကျောင်းသား ကျောင်းသူများ ဖြစ်ကြသော မောင်ခန့်ထူးစံက လူငယ်နှင့်ကျန်းမာရေး၊ မကျော့စွမ်းညိုက လူငယ်နှင့်ပညာရေး၊ မောင်အောင်မွန်က လူငယ်နှင့်အားကစား၊ မခိုင်ရတီဇော်က လူငယ်နှင့်ဝတ်စားဆင်ယင်မှု၊ မရှုမငြိမ်းက လူငယ်နှင့်နည်းပညာ စသည့် ခေါင်းစဉ်များဖြင့် ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးမှုနှင့် ပတ်သက်၍ သိရှိလိုသည့်မေးခွန်းများကို ကျောင်းသား ကျောင်းသူများက မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သထုံမြို့နယ် မရမ်းကုန်း-ထိန်ပင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**သထုံ ဇန်နဝါရီ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်း-ထိန်ပင်လမ်း အရှည် ၅ မိုင်အနက် ကျန်ရှိသော ၁ မိုင် ၄ ဖာလုံ အပြီးသတ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၃၃၅ ဒသမ ၉၉၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။



အဆိုပါလမ်းမှာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး သထုံခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းနှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# နယူးဇီလန်ပညာရေးဝန်ကြီး ခရစ်ဟစ်ကင်းစ် ဝန်ကြီးချုပ်သစ်ဖြစ်လာဖွယ်ရှိ

**ဝယ်လင်တန် ဇန်နဝါရီ ၂၂**

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် လူသိများလာသည့် ခရစ်ဟစ်ကင်းစ်သည် ဝန်ကြီးချုပ်သစ်ဖြစ်လာဖွယ်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်က လာမည့်လအတွင်း ရာထူးတာဝန်များမှ အနားယူမည်ဟု ကြေညာခဲ့ပြီးနောက် အဆိုပါသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျက်စင်ဒါအာဒန်သည် လာမည့်လအစောပိုင်းတွင် ရာထူးမှနုတ်ထွက်မည်ဖြစ်ပြီး အောက်တိုဘာလတွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံမည်မဟုတ်တော့ကြောင်း ၎င်းက ပြောကြားသည်။

အာဏာရ လေဘာပါတီသည် ပါတီခေါင်းဆောင်မှုနေရာအတွက် ကျင်းပရန် စီစဉ်ထားပြီးဖြစ်သော်လည်း ခရစ်ဟစ်ကင်းစ်က သမ္မတလောင်းနေရာအတွက် ၎င်းတစ်ဦးတည်းသာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက်တွင် ကြေညာခဲ့သည်။

ခရစ်ဟစ်ကင်းစ်က ဝန်ကြီးချုပ်အာဒန်သည် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ကပ်ရောဂါကူးစက်မှု တိုက်ဖျက်ရာတွင် ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းပေးခဲ့သည့်အတွက် ချီးကျူးစကားဆိုခဲ့သည်။

အသက် ၄၄ နှစ်အရွယ် ခရစ်ဟစ်ကင်းစ်သည် ၂၀၀၈ ခုနှစ်တွင် ပါလီမန်တွင် ပညာရေးဝန်ကြီးအဖြစ် ပထမဆုံးရွေးချယ်ခံခဲ့ရသည်။ ၂၀၂၀ မှ ၂၀၂၂ ခုနှစ်အထိ ၎င်းသည် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဝန်ကြီးအဖြစ် ဝန်ကြီးချုပ်အာဒန်နှင့်အတူ ကပ်ရောဂါကို ထိန်းချုပ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုနှင့် ရာဇဝတ်မှုများ မြင့်တက်လာခြင်းကြောင့် ဝန်ကြီးချုပ်အာဒန်၏ အစိုးရအဖွဲ့အတွက် စိန်ခေါ်မှုများ မြင့်တက်လျက်ရှိသည်။



ခရစ်ဟစ်ကင်းစ်သည် အောက်တိုဘာလ ရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒရှင်များ၏ ထောက်ခံမှုကိုရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများ ဖြေလျှော့ပြီးနောက် နှစ်သစ်ကူးပွဲတော် ပျော်ရွှင်စွာ ကျင်းပ

**ပေကျင်း ဇန်နဝါရီ ၂၂**

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးစည်းမျဉ်းများ ဖြေလျှော့ပြီးနောက် ပထမဆုံးအကြိမ် နှစ်သစ်ကူးပွဲတော်ကို ပြည်သူများက ပျော်ရွှင်စွာ ကျင်းပလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကျရောက်သည့် နှစ်သစ်ကူးနေ့ မတိုင်မီ ဇန်နဝါရီ ၂၁ ရက် နေ့ဦးပွဲတော် အားလပ်ရက် စတင်ချိန်မှစပြီး တရုတ်ပြည်သူများသည် မွေးရပ်မြေ သို့မဟုတ် လည်ပတ်စရာ နေရာများသို့ အလည်အပတ်ခရီးများ စတင်ထွက်ခွာလျက်ရှိသည်။



တရုတ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးစည်းမျဉ်းများကို ယခုလ အစောပိုင်းတွင် အဆုံးသတ်ပြီးနောက် ယခုနှစ်သစ်ကူးပွဲတော်ကို နိုင်ငံတစ်ဝန်း၌ ကျင်းပခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ တင်းကျပ်သော ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေး စည်းမျဉ်းများကို ရုပ်သိမ်းလိုက်ပြီဖြစ်သည့်အတွက် နှစ်သစ်ကူး အားလပ်ရက်အတွင်း ခရီးစဉ်ပေါင်း ၂ ဒသမ ၁ ဘီလီယံနီးပါး ရှိနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ အဆိုပါခရီးစဉ် အရေအတွက်သည် ယမန်နှစ်ကထက် နှစ်ဆ ပိုမိုများပြားသည်။

ဇန်နဝါရီ ၂၁ ရက်တွင် ရှန်ဟိုင်းမြို့ရှိ လေဆိပ်တစ်ခု၌ အခြားမြို့များ သို့မဟုတ် နိုင်ငံရပ်ခြားသို့ ထွက်ခွာမည့်သူများဖြင့် ပြည့်ကျပ်လျက်ရှိကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# ၂၀၂၂ ခုနှစ်အတွင်း ရော်ဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၉၀၀ အထိ သီရိလင်္ကာနိုင်ငံ ဝင်ငွေရရှိ

**ကိုလံဘို ဇန်နဝါရီ ၂၂**

သီရိလင်္ကာနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ရော်ဘာတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ သန်း ၉၀၀(ရူပီး ၃၂၇ ဘီလီယံ)အထိ ဝင်ငွေရရှိခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ၂၀၂၂ ခုနှစ်အတွင်း ရော်ဘာတင်ပို့မှုမှ ရရှိသည့်ဝင်ငွေသည် ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်ပါက အနည်းငယ်လျော့ကျမှုရှိခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မာဒါဝါကူလာဆူရီယာက မီဒီယာများအား ပြောကြားသည်။

သို့ရာတွင် သီရိလင်္ကာနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ရော်ဘာတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိ တိုးမြှင့်ရရှိရန် ရည်ရွယ်ထားကြောင်း သီရိလင်္ကာနိုင်ငံ ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မာဒါဝါကူလာဆူရီယာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၏ရော်ဘာထုတ်ကုန်များအား အဓိကဝယ်ယူသည့် ဈေးကွက်များမှာ အမေရိကန်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့ ဖြစ်သည်။ ပါကစ္စတန်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့သည် သီရိလင်္ကာနိုင်ငံ၏ သဘာဝရော်ဘာအတွက် အဓိကဈေးကွက်များဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝရော်ဘာတင်ပို့သည့် ထိပ်ဆုံးနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး ၂၀၂၁ ခုနှစ်အတွင်း တာယာကဲ့သို့သော ရော်ဘာထုတ်ကုန်တင်ပို့မှုမှ ဝင်ငွေ ၇၀ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်



# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၂၆ ဦး ထပ်မံသေဆုံး

**တိုကျို ဇန်နဝါရီ ၂၂**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၂၆ ဦး သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၅၃၆၉ ဦး ရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သောတစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၆၄၄၅၀ ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၂၀၄၅၃၂၈ ဦးရှိကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၅၁၁၀ သည် မြို့တော်တိုကျိုမှဖြစ်ပြီး သေဆုံးသူ ၃၃ ဦးရှိကြောင်း သိရသည်။ အဆိုပါမြို့တော်အတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်ကထက် ၃၁၅၉ ဦး လျော့ကျသွားကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# လော့စ်အိန်ဂျလိစ်ဆင်ခြေဖုံးဒေသတွင် ပစ်ခတ်မှုဖြစ်ပွား၊ အနည်းဆုံး ကိုးဦး သေဆုံး

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း လော့စ်အိန်ဂျလိစ်ဆင်ခြေဖုံးဒေသတွင် ဖြစ်ပွားခဲ့သည့် ဦးတည်ရာမဲ့ပစ်ခတ်မှုကြောင့် အနည်းဆုံး ကိုးဦး သေဆုံးခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါပစ်ခတ်မှုသည် လော့စ်အိန်ဂျလိစ်ဆင်ခြေဖုံးဒေသ၌ ဇန်နဝါရီ ၂၁ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီကျော်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒေသသည် အာရှနွယ်ဖွား အမေရိကန်လူမျိုး အများအပြား နေထိုင်ရာဒေသဖြစ်ကြောင်းနှင့် လူအများအပြားမှာ တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ပွဲလမ်းသဘင်များ ကျင်းပနေကြခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြထားသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အလင်းသစ်**



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၂



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ သိမ်းဆည်းရမိမှုအား တွေ့ရစဉ်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၈ ရက်တွင် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ ယာဉ်ပါ/ကုန်ပါ စာရင်းချုပ်တွင် ကြေညာထားခြင်းမရှိသော HighDensity Polyethylene ကီလိုဂရမ် ၃၉၈၅၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၁၉၆၈၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော ယာဉ်နှစ်စီး၊ နောက်တွဲယာဉ် နှစ်တွဲနှင့် ကုန်သေတ္တာ နှစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်အတွင်း တရားမဝင် သစ်မျိုးစုံ သုည ဒသမ ၉၆၇၈ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၁၇၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၂၆၄၈၅၄ ကို သိမ်းဆည်းရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သတ်မှတ်ရက်ထက်ကျော်လွန်၍ လာရောက်ထုတ်ယူခြင်းမရှိသော RANCO MECHANICAL THERMOSTATS အခု ၄၀၀၊ SAMSUNG CURVED MONITOR လေးလုံး အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၁၆၈၅၃)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော မော်တော်ကား အရှေ့လေကာမှန် အချပ် ၉၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော DONGFENG အမျိုးအစားယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တင်သွင်းခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Pudding Cabin Table Lamp ငါးခု၊ Nongfu Spring Water ဘူး ၂၀၀ အပါအဝင် ကုန်ပစ္စည်း အမျိုး ၂၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၉၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော HIGER Bus အမျိုးအစားယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၃၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ပဲခူးမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Soymilk ဖာ ၄၀၊ 26 လက်မ TV နှစ်လုံး အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Canter အမျိုးအစား ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကိုလည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် White Sugar ကီလိုဂရမ် ၁၅၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Hyundai Starex အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၈၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက်တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ TOYOTA WISH အမျိုးအစား ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် မုံရွာမြို့ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၃၉၈၇၀၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြစ်ကြီးနားနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



မမူညိုအေး၊ မမူဥမ္မာထွေး၊ မမူခိုင်ခင်ဦးနှင့် မနဒီခိုင်မင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့နယ် လွယ်ခေါ်ကျေးရွာအုပ်စု နမ့်ခမ်းကျေးရွာရှိ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် HIACE အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် မနဒီခိုင်မင်း၊ မမူခိုင်ခင်ဦး၊ မမူဥမ္မာထွေး၊ မမူညိုအေးတို့ သယ်ဆောင်လာသည့် ဘိန်းစိမ်း ၁၄ ကီလိုကိုလည်းကောင်း၊ ထိုနေ့ နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့နယ် ထီဖောင်းကျေးရွာအုပ်စု နားဘောင်ကျေးရွာအနီးတွင် ဇော်မင်းထွန်း(ခ) မောင်ဇော်မောင်းနှင်ပြီး မမိုးထက်ဝေလှိုင်(ခ)ရီဟာနာ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁-၂၀၂၃ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** ပင်းကွန်းဆရာတော်ဘုရားကြီး၏ပဋိပတ်တရားတော်(ရတနသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာကျောင်းသားအားကစားပွဲတော်၊နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်"
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၉:၂၅** ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** Economic Review
**၁၁:၂၅** ဘဝနှင့်အနုပညာ "ချစ်သောဝါဝါ" (အကယ်ဒမီဝါဝါဝင်းရွှေ)(အပိုင်း-၂)
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "ဝိန်းကြာဖက်၌တင်သောရေ"(အပိုင်း-၃)
**၁၃:၃၀** MRTV National News
**၁၆:၃၅** မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
**၁၇:၁၅** သတင်းသမားပြောတဲ့သတင်းစကား
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** "အုံးသြဖွယ်မကုန် ပီတိရသ ဖြင့်ဆင်နွှဲခဲ့သည့် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အောင်ပွဲ"(အပိုင်း-၂)
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း"(အပိုင်း-၅၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** တပ်မတော်(ရေ)ဂုဏ်ပြုဇာတ်လမ်း "ကြယ်ညွှန်ရာသစ္စာ"(အပိုင်း-၃+၄)
**၂၂:၄၅** "၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာကျောင်းသားအားကစားပွဲတော်၊နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်"

**mitv**

**07:02** Evergreen Classic: Dhamma Set Taw (Sein Lei Lei)
**07:09** Nga Laik Dam & Nga Laik Kan Tha Eco Resort
**07:20** School for the Blind
**07:27** Awesome Myanma Sculptures
**07:42** Crickets: Seasonal Delicacy & Job Opportunity
**08:01** News
**08:26** Faces Of ASEAN (Brunei)
**08:33** Myanmar Traditional Snacks: Sago Syrup with Sweet Potato
**08:39** Oboist and His Life
**09:01** Exploring Migratory Birds at Moe Yun Gyi Sanctuary
**09:42** Daingnak Style
**09:55** Golden Mandalay Hill
**10:01** News
**10:25** Topical Topics (No.19) Shape the Future of Women & Create Appropriate Nature for Children
**10:30** Underwater Photographer

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၁)

**ချင်း (ချီး) (၀၇:၀၀ မှ ၀၈:၀၀)**
မြင်းဘွာရွက်၏ဆေးပက်ဝင်အစွမ်းထက်မှုများ

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
စကားပုံများမှမှတ်သားစရာ(ပိုင်ရှင်ပြောတော့နသေးလိုချင်သူအတွက်တော့ရင့်မှည့်ပြီး)

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
မျိုးဂုဏ်တင့်စေယဉ်ကျေးမှုအငွေ့(အပိုင်း-၁)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစို့လေရိုးရာအငွေ့(ရှင်ပြုပွဲ)

**"ဝ" (၁၄:၀၀) မှ (၁၆:၀၀) ထိ**
"ဝ"ရိုးရာဝတ်စုံချုပ်နည်း

**ကချင် (၁၆:၀၀) မှ (၁၈:၀၀) ထိ**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၈:၀၀) မှ (၂၀:၀၀) ထိ**
သဘာဝဆန်ဆန်အလှရှိရာဒူးပရာတောင်ရွှေတောင်တန်းဆီသို့

**ဝကောကရင် (၂၀:၀၀) မှ (၂၁:၀၀) ထိ**
ငါးကင်မွှေးမွှေးလေးလုပ်စားကြမယ်

**အနောက်ပိုးကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၅)

**အရှေ့ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
သံတောင်ကြီးမြို့သို့အလည်တစ်ခေါက်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၁၅** Weekly Selected News
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** Myanmar National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လူမိုက်တို့သွားရာလမ်း"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၈
**၁၁:၀၀** တရားရုံးကဦးဆောင်သည့်စေ့စပ် ပြေငြိမ်းရေးစနစ်
**၁၁:၃၀** 'အတွေးအမြင်' အပိုင်း-၈

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ဖို့အာဟာရပြည့်ဝတဲ့နစ်ရှည်သီးနှံတွေစိုက်ပျိုးထုတ်လုပ်စားသုံးစို့
**၀၇:၀၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၇:၄၀** လေးဒေါင့်ကန်ငါးလုပ်ငန်း
**၀၈:၂၀** အာဟာရပြည့်ဝရေးအစဉ်ရှေ့ရှုပေး
**၀၈:၅၅** သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်း
**၀၉:၂၀** ကြည့်ရှုလေ့လာကြံတစ်သျှူးနည်းပညာ
**၀၉:၄၀** ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** SPORTS NEWS
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝန်ဆောင်မှုအသစ် နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ-သာဂရကျေးရွာသွား ကားလမ်းပေါ်ရှိ သပြေချောင်း သံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂၂

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ-သာဂရကျေးရွာသွား ကားလမ်းပေါ်ရှိ သပြေချောင်းသံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီခန့်တွင် သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ-သာဂရကျေးရွာသွား ကားလမ်း၊ သာဂရကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၁၀၀၀ ခန့် အကွာရှိ အရှည် ပေ ၁၃၀၊ အကျယ် ပေ ၂၀ ရှိ သပြေချောင်းသံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်း၊ ထိုသို့ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တံတား၏ တောင်ဘက်ခြမ်းမှ ကမ်းကပ်ခုံအနီးတွင် အချင်း ၁၀ ပေပတ်လည်ခန့် ကျွံကျပျက်စီးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အများပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန် ဆောက်လုပ်ထားသည့် သံကူကွန်ကရစ် ချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် သပြေချောင်း သံကူကွန်ကရစ်တံတား ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။

PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် သပြေချောင်းသံကူ ကွန်ကရစ်တံတား နေရာပြပုံ




## ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအတွင်းရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအတွင်းရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမား အင်အား ၇၀ ခန့်သည် ဇန်နဝါရီ၂၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာသို့ ရောက်ရှိလာပြီး နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ပြီး အပြစ်မဲ့ပြည်သူ အမျိုးသားသုံးဦးနှင့် အမျိုးသမီး တစ်ဦး မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာပြပုံ




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျီးကုန်းကျေးရွာနေ ဝင်းဇော်အောင်(ခ) ဇော်ဝင်းမောင်သည် ၎င်းအသုံးပြုသည့် “Win Zaw Aung” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်) ရပ်ကွက်နေ အေးသက်မွန်သည် ၎င်းအသုံးပြုသည့် “Aye Thet Mon” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေပြည်သာမြို့နယ်၌ လျှပ်စစ်ဒယ်နီအိုးမှ ဝိုင်ယာရှော့ဖြစ်ကာ ဈေးဆိုင်ခန်း ငါးခန်း မီးလောင်ဆုံးရှုံး

နေပြည်တော် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ဇန်နဝါရီ ၂၀ ရက်က လျှပ်စစ်ဒယ်နီအိုးမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားပြီး ဈေးဆိုင်ခန်း ငါးခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မီးလောင်ပျက်စီးဆုံးရှုံး**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၀ ရက် ည ၁၁ နာရီ ၃၅ မိနစ်က ရွှေပြည်သာမြို့ အမှတ်(၃)ရပ်ကွက် အမှတ်(၄)လမ်းမကြီးနှင့် ဂန္ဓမာလမ်းထောင့်ရှိ စိန်ညောင်ပင်ဘုရား ဈေးဆိုင်တန်းရှိ ဦးအေးမင်း(၄၂)နှစ်၏ အထည်ဆိုင်၌ မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်း အဖွဲ့က မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် လေးစီးတို့ဖြင့် သွားရောက်ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ငါးခန်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ စစ်ဆေးချက်အရ ဦးအေးမင်း၏ အထည်ဆိုင်ရှိ လျှပ်စစ်ဒယ်နီအိုးဝိုင်ယာ ရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရှိရ၍ ဦးအေးမင်းအား ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

☆ အကြမ်းဖက်သမားများမှ

ထိုသို့အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ ယနေ့ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံ ၁၃ ခုနှင့် ရုံးသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရမှုအား ဖော်ပြပါအတိုင်းတွေ့ရှိရသည်-

**အကြမ်းဖက်အဖွဲ့အစည်းများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကော်မရှင်အဖွဲ့ခွဲရုံးများ၏ ပျက်စီးဆုံးရှုံးမှု**

| စဉ် | ကော်/ခွဲရုံး | ရက်စွဲ | အချိန် | ဖြစ်စဉ်အကျဉ်း | ပျက်စီးမှုစာရင်း | ဆုံးရှုံးမှုတန်ဖိုး (ခန့်မှန်း) |
|---|---|---|---|---|---|---|
| ၁ | ပင်လည်ဘူး မြို့နယ် | ၃၁-၁၂-၂၀၂၁ | ၂၀း၄၅ | အကြမ်းဖက်သမားများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မဲရုံသုံးပစ္စည်းများ သိုလှောင်ထားသည့်ဂိုဒေါင်ပေါ်သို့ လက်နက်ကြီး ထိမှန်ပျက်စီးခဲ့သည်။ | သွပ်အမိုး(၁၀)ချပ်ခန့် ပေါက်ပြဲပျက်စီး၊ မဲပုံးအလုံး(၂၀၀)ခန့် ပျက်စီးခဲ့ပါသည်။ | ၀.၆၀ သန်း |
| ၂ | ဖာပွန်ခရိုင် | ၇-၁-၂၀၂၂ | ၁၉:၅၀ | အကြမ်းဖက်သမားများက ဖာပွန်ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံအား ဗုံးထောင်ဖျက်ဆီးခဲ့ပါသည်။ | အလျား ၄၈ ပေ၊ အနံ ၃၆ ပေ (၁၇၂၈ စတုရန်းပေ)RC တစ်ထပ်မှာ ၁၀၀ %၊ ရုံးပိုင်မော်တော်ဆိုင်ကယ်၊ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၆၃.၀၅၃ သန်း |
| ၃ | ဖာပွန် မြို့နယ် | ၇-၁-၂၀၂၂ | ၁၉:၅၀ | အကြမ်းဖက်သမားများက ဖာပွန်ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံအား ဗုံးထောင်ဖျက်ဆီးခဲ့ပါသည်။ | ဖာပွန်ခရိုင်ရုံးနှင့် ရုံးချင်းကပ်လျက် ဖာပွန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး ၄၀ %၊ စက်ကိရိယာပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၄၇.၆၀၆ သန်း |
| ၄ | ထီးလင်း မြို့နယ် | ၁၃-၄-၂၀၂၂ | | အကြမ်းဖက်သမားများက အဆောက်အအုံများအား လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည်။ | ပြတင်းပေါက် သုံးခုရှိ မှန်များနှင့် ပြတင်းတံခါးများ ပျက်စီးခြင်း၊ ပေါ်တီကိုတိုင်များ၊ ရုံးအဆောက်အအုံ အတွင်းနံရံများ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်များ ပျက်စီးခဲ့ပါသည်။ | ၀.၄ သန်း |
| ၅ | ဆားလင်းကြီး မြို့နယ် | ၁၃-၇-၂၀၂၂ | ၀၅:၄၅ | အကြမ်းဖက်အဖွဲ့များမှ ရုံးအတွင်းသို့ ဝင်ရောက်၍ ရုံးခန်းပတ်လည်ရှိ ပြတင်းပေါက်များအား ရိုက်ခွဲပြီး ဓာတ်ဆီ၊ ရေနံဆီများလောင်း၍ မီးရှို့ခဲ့ပါသည်။ | ရုံးအဆောက်အအုံ မီးလောင်ပျက်စီးခြင်း၊ ပရိဘောဂပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ၊ မဲရုံသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၃၉.၅၃၃ သန်း |
| ၆ | ကြာအင်းဆိပ်ကြီး မြို့နယ် | ၁၉-၉-၂၀၂၂ | ၀၃:၄၀ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအား လက်နက်ကြီး ဗုံးသီးထိမှန်ခဲ့သည်။ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၏ အနောက်ဘက် ပြတင်းပေါက်ပေါ်ရှိ လေကာမှန် သုံးချပ်နှင့် ရုံးပိုင်မော်တော်ယာဉ် ပျက်စီးခဲ့ပါသည်။ | ၀.၀၂၁ သန်း |
| ၇ | ပုလော မြို့နယ် | ၇-၁၂-၂၀၂၂ | ၁၆:၁၀ | အကြမ်းဖက်သမားများက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သည်။ | ရုံးရှေ့မျက်နှာစာ အုတ်နံရံနှင့် ပြတင်းပေါက်မှန်များ၊ မျက်နှာကြက် ကျောက်ပြားများ ထိခိုက်ပျက်စီးခဲ့ပါသည်။ | ၀.၈၄၃ သန်း |
| ၈ | မင်းတပ် မြို့နယ် | | | အကြမ်းဖက်သမားများက ရုံးပိုင်ပစ္စည်းများ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးပိုင်မော်တော်ဆိုင်ကယ်၊ စက်ကိရိယာပစ္စည်း၊ ပရိဘောဂပစ္စည်းများ၊ ရုံးအဆောက်အအုံ အစိတ်အပိုင်းအချို့ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရပါသည်။ | ၁၁.၆၀၂ သန်း |
| ၉ | ကန်ပက်လက် မြို့နယ် | | | အကြမ်းဖက်သမားများက စက်ကိရိယာပစ္စည်းများ ဖျက်ဆီးခဲ့သည်။ | စက်ကိရိယာပစ္စည်းများ ဖျက်ဆီးခံခဲ့ရပါသည်။ | ၃.၄၂ သန်း |
| ၁၀ | ဒီးမော့ဆို မြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲ/ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အအုံ၊ စက်ကိရိယာပစ္စည်းများ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်၊ ပရိဘောဂပစ္စည်းများနှင့် မဲရုံသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၆၁.၅ သန်း |
| ၁၁ | ဖရူဆိုမြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲ / မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အအုံ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်များ၊ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် မဲရုံသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၇၁.၅၈ သန်း |

စာမျက်နှာ ၁၇ သို့ »»

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံနှင့် ရုံးသုံးပစ္စည်းများ မီးလောင်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံများ**









»»» စာမျက်နှာ ၁၆ မှ



| | | | | | | |
|---|---|---|---|---|---|---|
| ၁၂ | ထန်တလန် မြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲ/ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အအုံ၊ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၆၄.၁၂၅ သန်း |
| ၁၃ | တမူးခရိုင်နှင့် မြို့နယ် | ၁၉-၁-၂၀၂၃ | ၀၉:၃၀ | အကြမ်းဖက်သမားများက တမူးခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ဝင်ရောက်၍ မီးရှို့ဖျက်ဆီးခဲ့သည်။ | ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံ တံခါးရွက် တစ်ချပ်၊ ပြတင်းတံခါး တစ်ချပ်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ပြတင်းတံခါး တစ်ချပ်၊ ပြတင်းပေါက်မှန်၊ ဝါယာမီးကြိုးများ၊ မျက်နှာကြက်များ ပျက်စီးခဲ့ပြီး ၂၄ ပေ၊ ၂၄ ပေ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နေအိမ် တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၃.၃၀၀ သန်း |

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဌာနဆိုင်ရာရုံးများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**











**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံနှင့် ရုံးသုံးပစ္စည်းများ မီးလောင်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံများ။**

# အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှု စစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

★ **ကျောဖုံးမှ**

ဘီလူးချောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း၏ ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ တာဝါတိုင် (၁)တိုင်ကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် (၁) တိုင် ပြိုလဲပျက်စီးခဲ့ပါသည်။ အဆိုပါ ဓာတ်အားလိုင်းမှာ ယခုအကြိမ်အပါအဝင် စုစုပေါင်း (၈) ကြိမ်နှင့် တာဝါတိုင်ပေါင်း ၂၃ တိုင် ဖျက်ဆီးခံခဲ့ရသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြင်ဆင်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း (၂၁၈) ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ် ဓာတ်အားလိုင်း တာဝါတိုင် တစ်တိုင် ပြိုလဲနေသည့် မှတ်တမ်းဓာတ်ပုံ။

## One Stop Service စနစ်ဖြင့် လိုင်စင်ဆောင်ရွက်ပေးမည်

ဖြူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ လိုင်စင်မဲ့ဆိုင်ကယ်များအား One Stop Service စနစ်ဖြင့် လိုင်စင်ဆောင်ရွက်ပေးမည်ဖြစ်ရာ အသိပေးကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းနှင့် အသိပေးစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ဖြူးမြို့ ပေါ်လူစည်ကားရာ ပဲခူးလမ်းမပေါ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်ပေးသွားမည်**

အဆိုပါ လိုင်စင်မဲ့ဆိုင်ကယ်များအား One Stop Service စနစ်ဖြင့် လိုင်စင်ဆောင်ရွက်ပေးမည့်အစီအစဉ်သည် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြူးမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၏ အသိပေးကြော်ငြာချက်အရ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အလုံမြို့နယ်၌ "တို့ပတ်ဝန်းကျင်မထိခိုက်ရေး၊ ဆေးလိပ်ဆေးရွက်ကြီးရှောင်ရှားပေး" စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ကျောင်းသားလူငယ်များအနေဖြင့် ကွမ်း၊ ဆေးလိပ်ဆိုးကျိုးများကိုသိရှိရှောင်ရှားစေရန် ရည်ရွယ်ကာအလုံမြို့နယ် ပြန်ကြားရေးနှင့်




ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် "တို့ပတ်ဝန်းကျင်မထိခိုက်ရေး၊ ဆေးလိပ်ဆေးရွက်ကြီးရှောင်ရှားပေး" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က အလုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းသတင်းစာဆရာအသင်း တိုင်းအလုပ်အမှုဆောင် ဦးမောင်မောင် (မောင်မောင်-လျှပ်စစ်)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ချိုက ပြိုင်ပွဲများ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ရာ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူ ၁၁ ဦးနှင့် ပြိုင်ပွဲဝင်များအား ရန်ကုန်တိုင်းသတင်းစာဆရာအသင်း တိုင်းအလုပ်အမှုဆောင် ဦးမောင်မောင်(ဝဲပုံ) နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**မောင်မောင်ကျော်**

## မိုးနဲမြို့နယ် နမ့်မော်လေကျေးရွာ၌ ဝါးခမောက်ပြုလုပ်ရောင်းချသူ မိသားစုအပိုဝင်ငွေရရှိ



မိုးနဲ ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကွန်နားကျေးရွာအုပ်စု နမ့်မော်လေကျေးရွာနေ ပြည်သူများအနေဖြင့် ဝါးခမောက်မျိုးစုံ ပြုလုပ်ရောင်းချရာမှ မိသားစုအပိုဝင်ငွေများ ရရှိ၍အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင်နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သောအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနေ ပြည်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်မိသားစု အပိုဝင်ငွေရရှိရေးအတွက် ဝါးခမောက်ကို အမျိုးအစား ငါးမျိုးပြုလုပ်ရောင်းချကြောင်း သိရသည်။

ဝါးခမောက်အမျိုးအစားအလိုက် ဈေးနှုန်း ၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိရောင်းချကြောင်း၊ လူတစ်ဦး တစ်ရက်လျှင် ဝါးခမောက်ငါးခု ပြီးကြောင်း၊ အသင့်ပြုလုပ်ပြီး ဝါးခမောက်များကို မြို့နယ်အတွင်းနှင့် လင်းခေး၊ ခိုလမ်၊ ကာလိ၊ ကွန်ဟိန်း စသည့်မြို့နယ်များမှ ဝါးခမောက် ရောင်းချသူများက အိမ်အရောက် လာရောက်ဝယ်ယူကြကြောင်း၊ ဝါးခမောက်ကို ဝါးပိုးဝါး၊ ဝါးပင်မှထွက်သော ဝါးကတ်များဖြင့် ပြုလုပ်ရပြီး များသောအားဖြင့် ဝါးများကို ၎င်းတို့ခြံမှရရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# အစာအဆိပ်သင့်မှုအန္တရာယ် သတိပြုဖွယ်

**••••••••• အောင်ထက်လင်း (ကြိမ်ချောင်း) •••••••••**



အစာအဆိပ်သင့်ခြင်းသည် အစားအသောက်များ၌ ဗက်တီးရီးယားပိုးများနှင့် ဓာတုပစ္စည်းများ ပါဝင်နေမှုကြောင့်ဖြစ်သည်။ အသီးအရွက်များရှိ ဓာတုဓာတ်ကြွင်းများကို ကုန်စင်အောင် မဆေးကြောမိပါက ဓာတုပစ္စည်းကြောင့် အစာအဆိပ်သင့်နိုင်သည်။ ထို့အတူ အမှည့်လွန်အသီးများ၊ ရက်လွန်အစားအသောက်များ၊ ပုံစံပျက်ယွင်းသွားသော နို့နှင့်နို့ထွက်ပစ္စည်းများ၊ မသန့်ရှင်းသည့် ရေနှင့်ဆေးကြောမိသော အစားအသောက်များတွင် ဗက်တီးရီးယားပိုးများပါဝင်လာပြီး အစာအဆိပ်သင့်နိုင်ကြောင်း ဆေးပညာရှင်များက ဆိုသည်။ ထိုသို့သော အခြေအနေများကြောင့် မြန်မာနိုင်ငံတွင် တစ်ဦးချင်းမှအစပြု၍ မွေးနေ့ပွဲနှင့် အလှူအတန်းများအထိ လူအစုလိုက်အပြုံလိုက် အစာအဆိပ်သင့်မှုများဖြစ်ပေါ်ခဲ့သည်ကို မကြာခဏတွေ့မြင်နေရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် အန္တရာယ်ရှိသော ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များ၊ ကပ်ပါးပိုးများ သို့မဟုတ် ဓာတုပစ္စည်းများပါရှိသော အစားအစာများသည် ဝမ်းပျက်ခြင်းမှ ကင်ဆာအထိ အမျိုးမျိုးသောရောဂါပေါင်း ၂၀၀ ကျော်ကိုဖြစ်စေနိုင်သည်။ အစားအသောက်မသန့်ရှင်းရာမှ ဖြစ်ပေါ်လာသော ရောဂါများကြောင့် နှစ်စဉ် အသက် ငါးနှစ်အောက်ကလေးသေဆုံးမှု ၁၂၅၀၀၀ ဝန်းကျင်ရှိသည်။ ခန့်မှန်းခြေ လူဦးရေ သန်း ၆၀၀ ခန့် သို့မဟုတ် လူ ၁၀ ဦးလျှင် တစ်ဦးသည် မသန့်ရှင်းသော အစားအစာကို စားသုံးမိသဖြင့် နှစ်စဉ် လူပေါင်း ၄၂၀၀၀၀ သေဆုံးနေရကြောင်း သိရသည်။

**အစားအသောက်များ**

**ဘေးကင်းမှုဆိုင်ရာစံနှုန်းများ**

မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အသင့်စားသုံးနိုင်သော အကင်မျိုးစုံ စားသုံးမှု ပိုများလာသည်။ ဒေသအနှံ့အပြားရှိ စားသောက်ဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များတွင် အလွယ်တကူရရှိနိုင်သည့် အသားလုံး၊ အသားပြား စသည်ဖြင့် စားချင်စဖွယ်ပုံစံအမျိုးမျိုးဖြင့် ခင်းကျင်းပြသထားသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ အစားအစာများတွင် အသုံးပြုထားသည့် အသားအမျိုးအစား၊ ကြာရှည်ခံဆေးများ၊ အရောင်တင်ဆေးများ ပါဝင်မှုအချိုးအစား၊ သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ခွင့်ပြုချက်၊ ထောက်ခံချက်ရရှိမှု စသည့် စားသုံးသူဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိပေ။ အဆိုပါ အသားချောင်းများ၊ အသားလုံးများကြောင့်လည်း အစာအဆိပ်သင့်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ ဘေးကင်းပြီး အာဟာရပြည့်ဝသော အစားအစာများ စားသုံးနိုင်ရေးသည် ကျန်းမာရေးကို မြှင့်တင်ရန်အတွက် အဓိကသော့ချက်ဖြစ်သည်။ အစားအစာဘေးကင်းရေးသည် ထုတ်လုပ်မှုမှ ရိတ်သိမ်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြင်ဆင်ခြင်းနှင့် စားသုံးခြင်းအထိ ပါဝင်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု အညွှန်းကိန်းတွင် နိမ့်ကျနေဆဲဖြစ်သည်။ အစားအသောက်များ ဘေးကင်းမှုဆိုင်ရာစံနှုန်းများအတိုင်း လိုက်နာစေရေးကို အလေးထား အကောင်အထည်ဖော်ရန် လိုအပ်နေသည်။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံကာ အစားအသောက်ကနဦး ထုတ်လုပ်သူများဖြစ်ကြသည်။ ၎င်းတို့ ထုတ်လုပ်သော အခြေခံအစားအသောက်များသည် အရည်အသွေးစံချိန်စံညွှန်းပြည့်မီရန် လိုအပ်ပေသည်။ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ထပ်ဆင့်ထုတ်လုပ်ရာတွင်လည်း အသေးစား၊ အလတ်စားနှင့် စားသောက်ကုန်လုပ်ငန်းကြီးများအထိ အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ ကုန်ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရန် အရေးကြီးသည်။ ပြည်တွင်းထုတ်လုပ်မှုသည် ပြည်ပဈေးကွက်များသို့ ဆက်လက်ရောင်းချနိုင်ရေးအတွက်လည်း ပိုမိုကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ နိုင်ငံခြားငွေရရှိရေးအဆင့်အထိ ဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်သဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီစွာ စနစ်တကျထုပ်ပိုးကြရမည်ဖြစ်သည်။ အမျိုးသားအဆင့် အစားအသောက်အန္တရာယ်ကင်းရှင်းရေးမူဝါဒကို ဧပြီလ ၂၇ ရက်နေ့က မိတ်ဆက်ဖြန့်ဝေလိုက်ပြီဖြစ်ရာ နိုင်ငံအတွက် အရေးပါသည့် လိုအပ်ချက်တစ်ရပ်ကိုဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်။ မူဝါဒကို ချမှတ်လိုက်ခြင်းအားဖြင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသော ခေတ်မီဥပဒေနှင့် နည်းဥပဒေများကိုလည်း မူဝါဒနှင့်အညီ ချမှတ်လာနိုင်မည်ဖြစ်သည်။

**တန်ဖိုးမြှင့်စားသောက်ကုန်များ**

မြန်မာနိုင်ငံသည် အာဆီယံအစားအသောက် ထိန်းချုပ်ရေးဆိုင်ရာစနစ်များနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စားသောက်မှုပုံစံများပြောင်းလဲလာမှုအရ လတ်ဆတ်သည့် အသီးအရွက်၊ အသား/ငါး အစရှိသည်ကို ဝယ်ယူချက်ပြုတ်စားသောက်မှုများအပြင် အသင့်ထုပ်ပိုးပြီး ကြာရှည်ခံအောင် ဆောင်ရွက်ထားသည့် အစားအသောက်များကိုလည်း စားသောက်နေကြရသည်။ အခြေခံစားသောက်ကုန်လုပ်ငန်းများ စတင်ထုတ်လုပ်စဉ်မှ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုးထုတ်လုပ်သည်အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အသင့်ထုပ်ပြီး စားသောက်ကုန်များသည် အသေးစားကုန်ထုတ်လုပ်ငန်းများမှ အများစုထွက်ရှိလာခြင်းဖြစ်သည်။ အသေးစားထုတ်ကုန် ၁၇၂၃၄ ခုတွင် စားသောက်ကုန်လုပ်ငန်း ၄၂၆၅ ခုပါဝင်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းစားသောက်ကုန်များသာမက ပြည်ပမှတင်သွင်းလာသည့် စားသောက်ကုန်များကိုလည်း ဈေးကွက်မတင်မီကတည်းက စိစစ်ပေးလျက်ရှိရာတွင် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိသည့် အစားအသောက်လုပ်ငန်းပေါင်း ၁၀၅၆ ခုနှင့် သောက်ရေသန့်လုပ်ငန်းပေါင်း ၂၃၆၈ ခုရှိနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ကော်ဖီ၊ ခေါက်ဆွဲ၊ လက်ဖက် စသည့် စားသောက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့် (၈/၂၀၂၂) ကိုလည်း ထုတ်ပြန်ပေးထားပြီးဖြစ်သဖြင့် ကျန်းမာရေးထိခိုက်စေမည့် ဘေးအန္တရာယ်ကို တစ်စိတ်တစ်ပိုင်း ကာကွယ်တားဆီးရာရောက်မည်ဖြစ်သည်။ အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒသည် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းနေရန်ဆိုသည့် မျှော်မှန်းချက်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတကာနှင့် လျော်ညီသည့် စံချိန်စံညွှန်းများ ပေါ်ထွက်လာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပေါ်ထွက်လာရေး၊ ပို့ကုန်လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိရေးတို့ကို ဆက်လက်လုပ်ဆောင်သွားနိုင်ရန်မျှော်မှန်းပြီး ရေးဆွဲချမှတ်ခြင်းဖြစ်ကြောင်း သိရသည်။ မူဝါဒအရ သက်ဆိုင်ရာနယ်ပယ်အလိုက် တိကျသည့် တာဝန်ခွဲဝေမှုများပေါ်ပေါက်လာမည်ဖြစ်ပြီး အစားအသောက်ကြောင့်ဖြစ်သည့် ကျန်းမာရေးဆိုးကျိုးများကိုလည်း ကာကွယ်နိုင်မည်ဖြစ်သဖြင့် စိတ်ချယုံကြည်ရသည့် အစားအသောက်ဈေးကွက်တစ်ရပ် ထူထောင်နိုင်မည်ဖြစ်သည်။ စွမ်းအားစု လေးပုံသုံးပုံမှထုတ်လုပ်နေသည့် စိုက်ခင်းမှသည် စားသုံးသူအထိ အစားအသောက် ကွင်းဆက်တစ်လျှောက်ရှိ အစားအသောက်များသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်စုံကြွယ်ဝနေမှသာ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်လာမည်ဖြစ်သည်။

**အရည်အသွေးပြည့်ဝပြီး**

**ဘေးကင်းသည့် စားသောက်ကုန်များ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း စသည်တို့မှ ထုတ်လုပ်လိုက်သည့် ဟင်းသီးဟင်းရွက်၊ သီးနှံ၊ သား၊ ငါးများကို အသင့်ချက်ပြုတ်စားသုံးနိုင်သည့်အဆင့်အထိ ပြုပြင်ထုပ်ပိုးရောင်းချမှုများကို ဝယ်ယူချက်ပြုတ်စားသောက်မှု အလေ့အထများလည်းဖြစ်ပေါ်နေပြီဖြစ်သည်ကို တွေ့ရသည်။ ငါးမွေးမြူရေးကန်တစ်ခုမှ ထုတ်လုပ်လိုက်သော ငါးများကို ငါးအကောင်လိုက်သာမက ငါးအသားတုံး၊ ငါးအသားလွှာ၊ ငါးဆုပ်လုံး၊ ငါးအသားချောင်း စသည်ဖြင့် ပြုပြင်ထုပ်ပိုးပြီး ဈေးကွက်တင်ရောင်းချခြင်းအားဖြင့် အလုပ်ရုံများ၊ လုပ်ငန်းများပေါ်ထွက်လာသလို စားသုံးသူများအနေဖြင့်လည်း အလွယ်တကူ ဝယ်ယူစားသုံးနိုင်ကြသည်။ အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးမူဝါဒ ထွက်ပေါ်လာခြင်းက အစားအစာလုံခြုံရေးမှသည် ကျန်းမာကြံ့ခိုင်ရေးနှင့် အာဟာရပြည့်ဝရေးတို့ကို အထောက်အကူ ဖြစ်ပေါ်စေမည်ဖြစ်သကဲ့သို့ အရည်အသွေးပြည့်ဝပြီး ဘေးကင်းသည့် စားသောက်ကုန်များ ထုတ်လုပ်မှုအတွက်လည်း တွန်းအားတစ်ရပ် ဖြစ်ပေါ်စေမည်ဖြစ်သည်။

လူသားတို့၏ နေ့စဉ်ဘဝတွင် ဘေးကင်းသော အစားအစာများ စားသုံးနိုင်ရေးသည် ကျန်းမာရေးအတွက် အရေးကြီးသည့် အချက်ဖြစ်သည်။ အန္တရာယ်မကင်းသော အစားအစာများသည် ရောဂါများစွာကိုဖြစ်စေပြီး ကြီးထွားမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့မှုကို ဖြစ်ပေါ်စေခြင်း၊ ရောဂါအခံရှိသူများ အန္တရာယ်ပိုများခြင်း၊ အခန့်မသင့်ပါက အသက်ဆုံးရှုံးနိုင်ခြင်း စသည့်အခြေအနေများကို ဖြစ်ပေါ်စေနိုင်သည်။

သို့ပါ၍ စားသုံးသူများအနေဖြင့် စားသောက်ကုန်၏ အမှတ်တံဆိပ်ရှိ ပါဝင်ပစ္စည်းကို ကြည့်ရှုပြီး ကျန်းမာရေးအတွက် သင့်လျော်သည့် အစားအသောက်များ ရွေးချယ်ဝယ်ယူ စားသောက်နိုင်စေရန်၊ သက်တမ်းလွန်အစားအသောက်များကို သိရှိပြီး ရှောင်ရှားနိုင်ရန်နှင့် စားသောက်ကုန် ဖြန့်ဖြူးရောင်းချမှုနှင့် ခြေရာခံမှုအားကောင်းစေရန်အတွက် အသင့်ထုပ်ပိုးထားသော အစားအသောက်များကို လူတိုင်းအစာအဆိပ်သင့်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

> **မြန်မာနိုင်ငံသည် အာဆီယံအစားအသောက် ထိန်းချုပ်ရေးဆိုင်ရာစနစ်များနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စားသောက်မှုပုံစံများ ပြောင်းလဲလာမှုအရ လတ်ဆတ်သည့် အသီးအရွက်၊ အသား / ငါး အစရှိသည်ကို ဝယ်ယူချက်ပြုတ်စားသောက်မှုများအပြင် အသင့်ထုပ်ပိုးပြီး ကြာရှည်ခံအောင် ဆောင်ရွက်ထားသည့် အစားအသောက်များကိုလည်း စားသောက်နေကြရသည်။ အခြေခံစားသောက်ကုန်လုပ်ငန်းများ စတင်ထုတ်လုပ်စဉ်မှ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုးထုတ်လုပ်သည်အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်**

ပုံပြင်

# ကြက်သီးမထသော လုလင်

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

ဤတည်းခိုအိမ်နှင့် များစွာမဝေးလှသောအရပ်တွင် မည်သူတစ်စုံတစ်ယောက်မျှမနေဝံ့သည့် ထူးဆန်းသော ရဲတိုက်အိုကြီးတစ်ခုရှိသည်။ ဘုရင်က ထိုရဲတိုက်ကြီး၌ သုံးညတိတိ ဆက်၍သွားရောက်အိပ်နိုင်သူအား သူ၏အလွန်လှပချောမွေ့သော သမီးတော်နှင့် ထိမ်းမြားပေးမည်ဟူ၍ ကြေညာထားသည်။ ထိုရဲတိုက်တွင် စိန်ရွှေရတနာများလည်းရှိရာ ယင်းတို့ကို မကောင်းဆိုးရွားများက စောင့်ကြပ်ထားသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် ရဲတိုက်၌ သုံးညတိတိ သွားရောက်အိပ်စက်နိုင်ပါက မကောင်းဆိုးရွားများ ကွယ်ပျောက်ကာ ထိုစိန်ရွှေရတနာများကို ထိုသူရရှိကာ များစွာကြွယ်ဝချမ်းသာသွားနိုင်ပေသည်။ ဘုရင့်သမီးတော်ကိုလည်းကောင်း၊ ထိုစိန်ရွှေရတနာတို့ကိုလည်းကောင်း ရနိုင်မည်ဆို၍ လူအတော်များများပင် ထိုရဲတိုက်သို့ ညအခါ သွားရောက်နေထိုင်ခဲ့ဖူးကြသည်။ သို့ရာတွင် မည်သူမျှ မအောင်မြင်၊ မည်သူမျှပြန်မလာနိုင်၊ သေဆုံးပျောက်ကွယ်သွားကြသည်သာဖြစ်သည်။

သည်အကြောင်းတို့ကိုလုလင်သည် တည်းခိုအိမ်ရှင်ထံမှတစ်ဆင့် ကြားသိရသည်။ သို့ဖြင့် သူသည် နောက်တစ်နေ့တွင် ဘုရင်ထံသွားလျက် ရဲတိုက်ကြီးတွင် သုံးည သွားရောက်နေထိုင်အိပ်စက်မည်ဖြစ်ကြောင်းလျှောက်ထား၏။ ဘုရင်လည်း လုလင်ကို ကြည့်ရှုပြီး ရုပ်ရည်ဟန်ပန်အမူအရာကို များစွာနှစ်သက်သဘောကျမိ၏။ ဘုရင်က...

"လုလင်၊ ရဲတိုက်သို့ သင်နှင့်အတူ သက်မဲ့အရာဝတ္ထုသုံးမျိုး ယူဆောင်သွားခွင့်ပြုမည်။ အလိုရှိရာသုံးမျိုးကို တောင်းခံလော့"ဟု ဆို၏။

ဤတွင် လုလင်က မီးဖိုတစ်ခု၊ ခုံရှည်တစ်ခု၊ တွင်ခုံတစ်ခု တောင်းဆိုရာ ဘုရင်က အလွယ်တကူပင်ပေးလိုက်၏။ သို့ဖြင့်လုလင်သည် ထိုနေ့နံနက်မှာပင် ရဲတိုက်ကြီးသို့ ထိုအရာဝတ္ထုသုံးမျိုးကို ယူဆောင်လျက် တစ်ကိုယ်တည်း သွားရောက်လေသည်။ ထို့နောက် ညအချိန်ရောက်လာရန် စောင့်မျှော်နေလေသည်။

သို့ဖြင့် ညအချိန်သို့ ရောက်လာ၏။ လုလင်သည် ချမ်းအေးသဖြင့် မီးဖိုတွင် မီးဖို၏။ ထို့နောက်ခုံရှည်ကို သူ၏ဘေးတစ်နေရာတွင် ထားလျက် သူကိုယ်တိုင်မူကား တွင်ခုံပေါ်တွင် ထိုင်နေ၏။ သို့ထိုင်နေရာမှ "ကြက်သီးထချင်စမ်းပါဘိ" ဟူ၍လည်း ဆိုမြည်၏။

သန်းခေါင်ယံအချိန်သို့ ရောက်ရှိခါနီးတွင် မီးဖိုမှာ မီးအားနည်းလာ၏။ ထိုအခိုက် ရဲတိုက်ထောင့်တစ်နေရာမှ...

"အို..လူသား၊ ငါတို့ချမ်းအေးလှသည်ဟူသော ကျယ်လောင်သည့် အသံနက်ကြီးတစ်ခု ပေါ်ထွက်လာ၏။ ဤတွင် လုလင်က...

"အို.. သတ္တဝါမိုက်တို့၊ ချမ်းအေးပါက ဘာကြောင့် ညည်းညူနေရသနည်း။ ငါ့ထံလာခဲ့ပါ၊ မီးဖိုဘေးတွင် ထိုင်၍မီးလှုံလှည့်ပါ" ဟု ပြန်လည်အော်ဟစ်ပြောဆို၏။

ထိုအခါ အလွန်ကြီးမားလှသည့် ကြောင်နက်ကြီးနှစ်ကောင်သည် ရုတ်တရက်ပေါ်ထွက်လာ၏။ သူတို့သည် လုလင်၏ ဘေးတစ်ဖက်တစ်ချက်မှ ရပ်၍ လုလင်အား ကြောက်မက်ဖွယ်ကောင်းသောမျက်လုံးကြီးများဖြင့် စူးစိုက်ကြည့်၏။ သို့ကြည့်ရာမှ...

"ရဲဘော် ဖဲကစားမည်လော"ဟု မေး၏။ လုလင်က...

"ကစားမည်။ သို့ရာတွင် မကစားမီ သင်တို့၏လက်သည်းများကို ပြပါဦး"ဟု ဆို၏။ ကြောင်ကြီးများကလည်း လက်သည်းများကို ထုတ်ပြကြ၏။ လုလင်က...

"အို.. သင်တို့၏လက်သည်းများမှာ ရှည်လွန်းလှသည်။ မည်သို့လျှင် ဖဲကစား၍ ဖြစ်နိုင်မည်နည်း။ သို့သော်မပူပါနှင့်။ ၎င်းတို့ကို ကျွန်ုပ်ဖြတ်ပေးပါမည်" ဟု ဆို၏။ သို့ဆိုကာ သူသည် ကြောင်ကြီးများကို လည်ကုပ်မှကိုင်လျက် ခုံရှည်ပေါ်သို့ တင်ပေး၏။ သို့တင်ပေးပြီးလျှင် ကြောင်ကြီးများ၏ လက်သည်းများကို ကြည့်ဟန်ပြုပြီးလျှင် နှစ်ကောင်စလုံးကို တစ်ချက်တည်း အသေရိုက်သတ်လိုက်လေ၏။ ပြီးသော် ကြောင်သေနှစ်ကောင်ကို ရဲတိုက်ပြတင်းပေါက်မှ အောက်သို့ပစ်ချလိုက်၏။

ထို့နောက် လုလင်သည် မီးလင်းဖိုဘေးတွင် ထိုင်လျက် ငြိမ်သက်စွာမှိန်းနေ၏။ ထိုအခိုက် ကြောက်မက်ဖွယ်သဏ္ဌာန်ရှိသော ကြောင်နက်ကြီးများနှင့် ခွေးနက်ကြီးများသည် ဟိုနေရာ သည်နေရာမှ ထွက်လာကြ၏။ သူတို့ လည်ပင်းများတွင်လည်း ပူလောင်၍ နီမြန်းသော မီးကြိုးများ တပ်ဆင်ထား၏။ သူတို့သည် မီးဖိုပေါ်သို့လည်းကောင်း၊ မီးခဲများပေါ်သို့လည်းကောင်း ဆူညံစွာအော်ဟစ်ပြေးလွှားခုန်ပေါက်နေကြ၏။ ဤတွင် လုလင်သည် ဓားကို ထုတ်လျက် သူတို့ကို ဘယ်ပြန်ညာပြန်ခုတ်ပိုင်းလေ၏။ အတန်ကြာသော် သူတို့သည် ထွက်ပြေးသွားကြ၏။ အများအပြားမှာမူ မပြေးနိုင်ကြ၊ လုလင်၏ လက်ချက်ဖြင့် သေဆုံးကြ၏။ လုလင်လည်း အသေကောင်များကို ရဲတိုက်အနီးရှိ ချောင်းထဲသို့ပစ်ချလိုက်၏။ ထို့နောက် မီးဖိုဘေးတွင် ထိုင်လျက် မီးလှုံမြဲမီးလှုံ၏။

အတန်ကြာသော်လုလင်သည် အိပ်ချင်လာသဖြင့် အနီးတစ်ဝိုက်တွင် အိပ်ရာကို ရှာဖွေ၏။ အဆင်သင့်ပင် အခန်းထောင့်တစ်နေရာ၌ ကြီးမားသောအိပ်ရာတစ်ခုကို တွေ့သဖြင့် တက်၍အိပ်၏။ သို့ရာတွင် မေးခနဲအိပ်ပျော်စဉ်အိပ်ရာသည် ရွေ့လျား၏။ ယင်းသည် ရဲတိုက်ခန်းအနှံ့ ဟိုသည်ရွေ့လျား၏။ လုလင်က 'အလွန် ဇိမ်ကျလှပါဘိ' ဟုဆိုကာ မှိန်းနေ၏။ အိပ်ရာမှာ မြင်းခြောက်ကောင်ဆွဲသည့် ရထားတစ်စင်းသွားနေသည့်ပမာ ရုတ်တရက်ပြင်းထန်စွာရွေ့လျားပြီးလျှင် လှေကားဆီသို့ ရောက်သွားကာ လျှောကျသွား၏။ ကျွမ်းထိုးမှောက်ခုံဖြစ်သွား၏။ လုလင်သည် အိပ်ရာအောက်တွင် ပိနေရာ အတင်းကုန်းထရ၏။ သူသည် ကြုံးဝါးရေရွတ်ပြီးလျှင် မီးဖိုဘေးသို့သွား၍ ငြိမ်သက်စွာအိပ်နေလေ၏။

နံနက်လင်းသော် ဘုရင်သည် နောက်ပါများနှင့်တကွ ရဲတိုက်သို့ရောက်လာ၏။ လုလင်သည် အိပ်ပျော်နေရာ ဘုရင်က ယခုအကြိမ်တွင်လည်း မကောင်းဆိုးရွားများသတ်၍ လုလင်ခမျာ သေရှာပြီဟု ထင်မှတ်၏။

"သည်ကဲ့သို့ ရုပ်ရည်ရူပကာ တင့်တယ်သော လုလင်ပျိုကလေး သေဆုံးရှာသည်မှာ နှမြောဖွယ်ရာဖြစ်တော့သည်"ဟု ဘုရင်က ကရုဏာဖြင့် ပြောဆို၏။

ဤတွင် လုလင်သည် အိပ်နေရာမှ လူးလဲထ၏။ ဘုရင်သည် သူထင်သကဲ့သို့ လုလင်အသက်မသေဘဲရှိသည်ကို တွေ့ရသောအခါ အံ့သြခြင်းလည်းဖြစ်၏။ ဝမ်းမြောက်ဝမ်းသာလည်းရှိ၏။ ဘုရင်က ညက အဖြစ်အပျက်များကို မေးမြန်းရာ လုလင်က အစအဆုံးပြန်ပြောပြ၏။ ဘုရင်သည် လုလင်၏သတ္တိကို ချီးကျူးပြီးလျှင်...

"တစ်ညကား ကုန်ဆုံးလေပြီ၊ နောက်ထပ်နှစ်ညကျန်သေးသည်။ သတ္တိရှိစွာဖြင့် ရင်ဆိုင်ပါဦး" ဟူ၍ အားပေးစကား ပြောကြားလေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



## ကဗျာ

# သဇင်ဦးနှင့် ဆု

❀ ဤနံနက်မှာပေါ့
နေထွက် တပြူကယ်လို့
ကျေးမောင်မယ် နှုတ်ချိုခွန်းတွေနဲ့
နေဝန်းကို သူကြိုဆိုတော့
မေတစ်ကိုယ် ဂေဟာမြင့်ဆီက
လှမ်းလင့်ကာ ပန်းခြံအောက်ကိုဖြင့်
လမ်းလျှောက်ဖို့ ဆင်းခဲ့တယ်။

❀ သရက်ကိုင်း
ကြိုးဆိုင်း အသာချည်တဲ့
နကတရီဆိုသည်အနီးမှာလ
မြစိမ်းရောင် ရွက်သစ်ဖုံးကာပ
ငွေမှုန်း ငွေရည်စိုလို့
တုတ်တိုတို ဖြူအခက်တွေက
ဘယ်ညာမှာ ဆွယ်ကာထွက်လို့ရယ်
နှစ်သက်စဖွယ်။

❀ အို- သဇင်ဦးကပါလား
ညွတ်နူး မေဆိုမိပေါ့
ဩော်- ဆွတ်ခူးငွေလိုအိလေတော့
မုန့်သျှင် ချစ်သခင်လက်ဆီသို့
လှူဆက်လို့ ဆုကိုဆွယ်
ရည်ရွယ်မိဤသို့။

❀ သံသရာ. . .
ဤနယ်မှာ မလွတ်သေးတာဖြင့်
ဝင့်ကြွေးတာမရှည်ဖို့
ပါရမီ သည်မယ်ဖြည့်လို့ရဲ့
ပြည့်ချင်ပြီ သည်ဘဝမှာလ
ကြည်မြသည် စေတနာမှန်နဲ့
"သောတာပန်" ဆုမွန်ထူးကိုကွယ်
"ဦးရပါစေ"လို့။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



(ဆက်လက်ဖော်ပြပါမည်)

လူမှု ၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## စတိဗ်ဂျော့စ်

### မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

စီးပွားရေးစွမ်းဆောင်ရှင်များတွင် ထူးခြားအောင်မြင်သောပုဂ္ဂိုလ်တစ်ဦးမှာ Apple ကွန်ပျူတာကုမ္ပဏီကြီးကို ထူထောင်ခဲ့သူ စတိဗ်ဂျော့စ် (Steve Jobs) ပင်ဖြစ်သည်။ သူသည် i-Pod နှင့် Phone အစရှိသော နည်းပညာပစ္စည်းများကို မိတ်ဆက်ပေးသူဖြစ်သည်။ စတိဗ်ဂျော့စ်သည် ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့၌ မွေးဖွားခဲ့သည်။ အသက် (၅၆) နှစ်အရွယ်ရှိ စတိဗ်ဂျော့စ်သည် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

စတိဗ်ဂျော့စ်၏ဘဝခရီးမှာ ကြမ်းတမ်းလှသည်။ သူသည် မိဘမဲ့ကလေးငယ်တစ်ဦးအဖြစ် မွေးဖွားခဲ့ရသည်။ သူငယ်စဉ်က မောင်တိန်ဗျူးတွင် ကျောင်းတက်ခဲ့ရသည်။ သည့်နောက် ဟုမ်းဆက်တက်ဒ်ဘလက်ဘန်းကျောင်းတွင် ပြောင်းရွှေ့ပညာသင်ခဲ့သည်။ သူသည် ပတ်ဝန်းကျင်ကို တစ်မူထူးစွာရှုမြင်သုံးသပ်တတ်သည်။ သူသည် ကျောင်းတက်ရင်းနှင့် Hewlett-Packard လျှပ်စစ်ပစ္စည်းကုမ္ပဏီမှ ပို့ချသောသင်တန်းများကို တက်ရောက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် သူသည် ရိဒ်ကောလိပ်တွင် ပညာဆက်သင်ခဲ့သည်။ နှစ်ဝက်အကြာတွင် ကျောင်းထွက်ခဲ့သည်။ ထို့နောက် ကျောင်းထဲ၌ပင် ဒဿနိကဗေဒသင်တန်းများတက်၍ အချိန်ဖြုန်းကာ ယဉ်ကျေးမှုအချင်းချင်း မသင့်မြတ်မှုများတွင် စိတ်ဝင်စားခဲ့သည်။

၁၉၇၄ ခုနှစ် စောစောပိုင်းတွင် သူသည် ဂိမ်းရေးဆွဲသူအဖြစ် အလုပ်ရခဲ့သည်။ လပေါင်းများစွာ အလုပ်လုပ်ပြီးနောက် ရိဒ်ကောလိပ်မှ သူငယ်ချင်းနှင့်အတူ အိန္ဒိယသို့ ခရီးထွက်ခဲ့သည်။ ထို့နောက် ကယ်လီဖိုးနီးယားပြည်နယ်သို့ ပြန်လာခဲ့သည်။ သူသည် စတီဗင်ပေါ့ဇ်နိုက်နှင့်အတူ Home Brew ကွန်ပျူတာကလပ်တစ်ခုကို တည်ထောင်၍ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်ခဲ့သည်။ သူနှင့် စတီဗင်ပေါ့ဇ်နိုက်တို့သည် Apple အတွက် ကွန်ပျူတာဒီဇိုင်းဆွဲပြီး ဂျော့ဘ်စ်၏ ဂိုထောင်ထဲတွင် ကွန်ပျူတာကို တပ်ဆင်ကြသည်။ ထို့နောက် ဒေသတွင်းလျှပ်စစ်ပစ္စည်း စတိုးဆိုင်ပိုင်ရှင်အားခေါ်ပြခဲ့ပြီး ယင်းမှ ၂၅ လုံး မှာယူခဲ့သည်။ သူတို့နှစ်ယောက်ပေါင်း ကုမ္ပဏီတစ်ခုထူထောင်ကာ ကွန်ပျူတာများ ထုတ်လုပ်ရောင်းချရန် စိတ်ကူးရခဲ့သည်။ ကုမ္ပဏီ၏အမည်ကို အော်ရီဂန်သစ်သီးခြံ အလုပ်သမားအဖြစ် နွေရာသီတွင် ပျော်ရွှင်စွာ လုပ်ကိုင်ခဲ့ရသည်ကို အမှတ်တရအနေဖြင့် Apple ဟုအမည်ပေးခဲ့သည်။ ဒေါ်လာ ၁၃၀၀ ကျော်ဖြင့် ကုမ္ပဏီအတွက် ကနဦးမတည်ငွေအဖြစ် စတင်ရင်းနှီးခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဒေါ်လာ ၆၆၆ ဈေးဖြင့် Apple I ကို ဈေးကွက်သို့ စတင်ပို့ဆောင်ခဲ့သည်။ ဒေါ်လာ ၇၇၄၀၀၀ ကျော် ဝင်ငွေရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် Apple II ကို ထုတ်လုပ်ရန် ကြိုးစားခဲ့သည်။ Apple II ကို Apple ဒီဇိုင်းကို အခြေခံကာ အပေါ့ပါးအရိုးရှင်းဆုံးသောပုံစံအဖြစ် ဖန်တီးခဲ့သည်။ Apple II တွင် ဆော့ဖ်ဝဲပရိုဂရမ် ၁၆၀၀၀ ထည့်သွင်းခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် Apple III ကို ဈေးကွက်ထဲ တင်ပို့ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် Mouse ဖြင့် ခိုင်းစေသော Lisa ကို ထုတ်လုပ်ခဲ့သည်။ Apple ကွန်ပျူတာသုံးမျိုးသည် တစ်လုံးနှင့်တစ်လုံး ဆက်စပ်သုံးစွဲနိုင်ခြင်း မရှိချေ။ ထို့နောက် သူသည် ပါစင်နယ်ကွန်ပျူတာလောကအတွက် မက်ကင်းတော့ချ်ကွန်ပျူတာကို ဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့သည်။ သူထုတ်လုပ်ခဲ့သော Macantosh ၏ထူးခြားချက်မှာ PC တစ်လုံးတွင် ပါဝင်သော ကီလိုဘိုက် (Kilo Byte) ထက် နှစ်ဆပိုပြီး 128K ရှိသည်။ သူသည် ကြော်ငြာနှင့် အထူးဈေးကွက်တင်ခဲ့ရာ အလွန်အောင်မြင်ခဲ့သည်။ သူသည် Apple ကို ပညာသင်ကြားရေးအတွက် အသုံးချနိုင်ခဲ့သည်။

၁၉၈၅ ခုနှစ်တွင် ဂျော့စ်သည် Apple ကို နုတ်ထွက်ခဲ့ပြီး Next Step အမည်ရှိ ကုမ္ပဏီအသစ်ကို ထူထောင်ခဲ့သည်။ ၁၉၈၉ ခုနှစ် အလယ်ပိုင်းကာလခန့်တွင် ဒေါ်လာ ၇၀၀၀ တန် မိုနိုခရုမ်း Mono Chrome စနစ်ပါရှိသော Next Step ကွန်ပျူတာများကို စတင်ရောင်းချခဲ့သည်။ ဤသို့ဖြင့် Object Oriented Programming OOP ဆော့ဖ်ဝဲကို ဖန်တီးခဲ့သည်။ OOP သည်ပရိုဂရမ်မာဆော့ဖ်ဝဲ ရေးဆွဲသူများအတွက် အချိန်သက်သာစေခဲ့သည်။

စတိဗ်ဂျော့စ်သည် ကွန်ပျူတာနှင့်ရေးဆွဲသော ကာတွန်းရုပ်ရှင်ကားများ တင်ဆက်ခြင်းပင်ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် သူသည် Pixar ရုပ်ရှင်ကုမ္ပဏီကို တွဲဖက်တည်ထောင်ခဲ့သည်။ ကွန်ပျူတာဖြင့်ရေးဆွဲသော ကာတွန်းရုပ်ရှင်များ ထုတ်လုပ်ခဲ့သည်။ Pixar အနေဖြင့် ကွန်ပျူတာနှင့် ရုပ်ကြွများဖြစ်အောင် ဖန်တီးနိုင်ခဲ့သည်။ ပထမဦးစွာ ဇာတ်ကားတိုများ ထုတ်လုပ်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် Toy Story အမည်ရှိ ဇာတ်ကားရှည်ကို ထုတ်လုပ်ခဲ့သည်။ ယင်းဇာတ်ကားကို ဝေါ့ဒစ္စနေးက ဖြန့်ချိပေးရာ ဒေါ်လာ သန်းနှစ်ရာကျော်နှင့် ဝင်ငွေစံချိန်တင်ခဲ့သည်။

ထို့နောက် A Bag's Life 1988. Toy Story 2 1999, Monsters Inc 2002, pinding Nemo 2003 စသည်ဖြင့် ကွန်ပျူတာကာတွန်းရုပ်ရှင်များ ထုတ်လုပ်ခဲ့ရာ ဝင်ငွေကောင်းခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် Mr.Incedilole ဇာတ်ကားကို ထုတ်လုပ်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင်သူသည် Apple ကွန်ပျူတာကုမ္ပဏီသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး Desktop ကွန်ပျူတာ၊ Power Mac GS, Power Book နှင့် i book Lap top ကွန်ပျူတာများနှင့် Panther ဟုခေါ်သောအဆင့်မြင့် Operating System တို့ကို ထုတ်လုပ်ခဲ့သည်။

Apple ကုမ္ပဏီသည် ဒစ်ဂျစ်တယ်တေးဂီတ တော်လှန်ရေးကို ဦးဆောင်ပါဝင်ခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလမှစ၍ Apple ကုမ္ပဏီသည် i pod ဟုခေါ်သော လက်တစ်ဝါးအရွယ်ပင်မရှိသည့် ဒစ်ဂျစ်တယ်သီချင်းနှင့် စက်တစ်လုံးကို ၃၉၉ ဒေါ်လာနှင့် ဈေးကွက်ထဲ တင်ပို့နိုင်ခဲ့သည်။ သီချင်းပုဒ်ရေ ထောင်နှင့်ချီပြီး ဖွင့်၍ရအောင် စီစဉ်ထားသည်။ ipod ၏ ရောင်းချမှုစံချိန်သည် ၂၀၁၃ ခုနှစ် ခရစ္စမတ်ရာသီတွင် အလုံးရေ ၇၃၃၀၀၀ ရောင်းချနိုင်ခဲ့သည်။ i pod ဈေးကွက် ဆက်လက်အောင်မြင်ခဲ့ရာ ၂၀၁၃ ခုနှစ်မှစ၍ iTunes တေးဂီတစတိုးများကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် ipod ထက်ငယ်သော ပိုကျစ်လျစ်သော i pod mini ကို ဈေးကွက်သို့ပို့ခဲ့သည်။ ဤသို့ဖြင့် စတိဗ်ဂျော့စ်သည် အောင်မြင်မှုရရှိပြီး စီးပွားရေးဈေးကွက်တွင် ကုဋေကြွယ်သူဌေးတစ်ဦး ဖြစ်ခဲ့သည်။ စတိဗ်ဂျော့စ်သည် စီးပွားရေးလောကတွင် စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ဦးအဖြစ် လူသိထင်ရှား ကျော်ကြားခဲ့သည်။

i pod နှင့် i phone အစရှိသော နည်းပညာပစ္စည်းများကို မိတ်ဆက်ပေးခဲ့သော Apple နည်းပညာလုပ်ငန်းကြီးကို တည်ထောင်ခဲ့သူတစ်ဦး ဖြစ်သည်။ အသက် (၅၆) နှစ်အရွယ် စတိဗ်ဂျော့စ်သည် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ သူဖန်တီးခဲ့သောဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၁ ဘီလီယံတန်ဖိုးရှိသော Apple ကုမ္ပဏီသည် နည်းပညာလုပ်ငန်းတွင် တန်ဖိုးအကြီးဆုံး ဖြစ်ခဲ့သည်။ ထို့ကြောင့် သူ့ကို လူသန်းပေါင်းများစွာ၏ နေမှုဟန်ကို ပြောင်းလဲစေသောအရာအား ဆောင်ယူကာ ပစ္စုပ္ပန်ကို ပြန်လာနိုင်သော ခေတ်သစ်မှော်ဆရာဟု တင်စားရေးသားခဲ့ကြသည်။ ။

■

# နေပြည်တော်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ်များမှ ဝန်ထမ်းများအား ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင် ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါ တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



## လက်တွေ့အသုံးချ

ရှေးဦးစွာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် သင်တန်းသူ သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြား ပို့ချပေးခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်း ထိန်းသိမ်းနည်းဆိုင်ရာ အကြောင်းအရာများကို လက်တွေ့အသုံးချပြီး မိမိတို့၏ စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်တိုးတက်အောင် လေ့လာ သင်ယူကြရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)ဦးတင်မောင်အေးက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို သင်တန်းသား သင်တန်းသူများ ထံသို့ လွှဲပြောင်းပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းသို့ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများ၊ ရေးသွင်းထိန်းသိမ်း နည်း၊ လချုပ်ဖြည့်သွင်းနည်း၊ M&E ဖြည့်သွင်းနည်း စသည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင် ဆရာ ဆရာမများက ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်ကြာ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

၂၂၂

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကန့်လန့်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ

ကျွန်းလှ ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကန့်လန့်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ချောင်းရေတင်ပြီး ကန့်လန့်စိုက်ပျိုးပါတယ်။ ဒီနှစ် စိုက်ခင်းသုံးခင်းကို တစ်လှည့်စီချိုးယူနိုင်ရန်အတွက် တစ်ခင်းကို အပင် ၃၅၀၀ စိုက်ပျိုးခဲ့ပါတယ်။ မြို့နယ်အတွင်း အခြားနယ်က ကန့်လန့်အဝင်နည်းတော့ ဒေသထွက်ပဲ ရောင်းအားကောင်းပါတယ်။ လူကြိုက်များတဲ့ ဟင်းသီးဟင်းရွက်ဖြစ်ပြီး ၁၀စည်းပါ အထုံးကြီးတစ်ထုံးကို ငွေကျပ် ၁၅၀၀ နဲ့ရောင်းရပါတယ်" ဟု ကန့်လန့်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာ၊ မကျီးအင်းကျေးရွာများတွင် စပါးအပြင် ကန့်လန့်၊ မုန်ညင်း၊ ကြက်သွန်၊ ပန်းမုန်လာ၊ ကိုက်လန်၊ ခရမ်း၊ ခရမ်းချဉ် စသည့် ဟင်းသီး ဟင်းရွက်သီးနှံများကို ချောင်းရေတင် စိုက်ပျိုးကြ၍ ဒေသခံတောင်သူများ ဝင်ငွေရရှိကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



# လွိုင်လင်မြို့တွင် ချယ်ရီပန်းများ လှိုင်လှိုင်ပွင့်

လွိုင်လင် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့တွင် ချယ်ရီပန်းများ ဇန်နဝါရီလ တတိယပတ်အတွင်း လှိုင်လှိုင်ပွင့်လျက်ရှိရာ ဒေသခံများ၊ ခရီးသွားပြည်သူများက အမှတ်တရဓာတ်ပုံ ရိုက်ကူးနေကြကြောင်း သိရသည်။



လွိုင်လင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၄၄၇ ပေတွင် တည်ရှိပြီး ယခုလို ဆောင်းတွင်း ကာလများတွင် ရာသီဥတုသည် သိသိသာသာ အေးချမ်းသည့် တောင်ပေါ်မြို့ဖြစ်သည်။ တောင်ပေါ်မြို့ဖြစ်သည်နှင့် အညီ ချယ်ရီပန်းများသည်လည်း ဖူးပွင့်ဝေဆာလျက်ရှိကြသည်။

အထူးသဖြင့် တောင်ကြီး-လွိုင်လင်-နမ့်စန် ပြည်ထောင်စု လမ်းမကြီးဘေး (ဆေးရုံကြီး) ရှေ့တွင် ချယ်ရီပင်တန်းများ လှပဝေဆာ ပွင့်ဖူးလျက်ရှိပြီး ဒေသခံ ပြည်သူများ၊ ခရီးသွားပြည်သူများအား ဆွဲဆောင်မှုရှိကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနေကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိတ္ထီလာမြို့နယ်၌ ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၁၄၀၀ စိုက်ပျိုးမည်

မိတ္ထီလာ ဇန်နဝါရီ ၂၂

မိတ္ထီလာမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆည်ရေ၊ ကန်ရေသောက် စနစ်ဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၁၄၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ထိန်းသိမ်းမှုအောက်ရှိ အစိုးရထိန်း ဆည်၊ ကန်၊ တမံများမှ ဒေသဝမ်းစာဖူလုံရေးအတွက် နှစ်စဉ် မိုးစပါးများနှင့် နွေစပါးများကို စိုက်ပျိုးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်၊ ညောင်ကုန်း တမံ၊ လက်ခုပ်ပင်တမံနှင့် ရှမ်းမငယ်ဆည်ရေတို့ဖြင့် နွေစပါးစိုက်ဧက ၉၃၀နှင့် အခြားသီးနှံ စိုက်ဧက ၄၇၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ရာ ယင်းဆည်၊ ကန်၊ တမံများဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် ပျိုးထောင်ရေကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ လွှတ်ပေးမည်ဖြစ်သည်။

အဆိုပါ နွေစပါးနှင့် အခြားသီးနှံများကို မိတ္ထီလာကန်ရေဖြင့် ထမုန်ကန်၊ ခင်လူး၊ ကံကြီး၊ ကွက်ငယ်၊ လျော်ဖြူကန်၊ ရှမ်းတဲ၊ မကျီးစု၊ ဇောင်ချမ်းကုန်း၊ ကဖြူ၊ ညောင်ကန်၊ ကျောင်းရွာကျေးရွာအုပ်စုများရှိ ကွင်း ၂၁ ကွင်းမှ နွေစပါးစိုက်ဧက ၆၂၀၊ ဝါစိုက်ဧက ၂၇၀၊ အခြားသီးနှံ စိုက်ဧက ၁၀၀ တို့နှင့် ချောင်းကောက်ဆည်ရေဖြင့် ကုက္ကိုကုန်းကျေးရွာအုပ်စုရှိ ကွင်း သုံးကွင်းမှ နွေစပါးစိုက်ဧက ၁၅၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အပြင် မုန်တိုင်ဆည်ရေဖြင့် မုန်တိုင်၊ သီးကုန်းကျေးရွာအုပ်စုများရှိ ကွင်းနှစ်ကွင်းမှ နွေစပါးစိုက်ဧက ၁၄၀၊ ညောင်ကုန်းတမံရေဖြင့် ခင်တဲကျေးရွာအုပ်စုရှိ ကွင်းတစ်ကွင်းမှ ဝါစိုက်ဧက ၅၀၊ လက်ခုပ်ပင် တမံရေဖြင့် အင်းကျေးရွာအုပ်စုရှိ ကွင်းတစ်ကွင်းမှ ဝါစိုက်ဧက ၅၀ နှင့် ရှမ်းမငယ်ဆည်ရေဖြင့် ရှမ်းမငယ်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းတစ်ကွင်းမှ နွေစပါးစိုက်ဧက ၂၀ တို့ကို စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# သနပ်ပင်မြို့နယ် သမဝါယမအသင်းစုလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ပြန်လည်ရွေးချယ်ခြင်းအခမ်းအနား ကျင်းပ

သနပ်ပင် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ (၂၀၁၈-၂၀၁၉)၊ (၂၀၁၉-၂၀၂၀)၊ (၂၀၂၀-၂၀၂၁)နှင့် (၂၀၂၁-၂၀၂၂) Mini Budget ဘဏ္ဍာနှစ်တို့အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ပြန်လည်ရွေးချယ် တင်မြှောက်ခြင်း အခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

## တက်ရောက်

အစည်းအဝေးသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်လတ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ အတွင်းရေးမှူး ဒေါ်မြင့်စန်းဝေနှင့် မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်အဖွဲ့ဝင်၊ ဝန်ထမ်းများနှင့် အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး ပထမပိုင်းတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားမှူးအဖြစ် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဝင်းက ဆောင်ရွက်ကာ အမှုဆောင်အဖွဲ့လုပ်ငန်းအစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်ဇာမောင်က ဖတ်ကြားခဲ့သည်။

ထို့နောက် အသင်းသားစာရင်းစစ် ဦးဇော်ထွန်းက အသင်းသားစာရင်းစစ် အစီရင်ခံစာကိုဖတ်ကြားပြီး(၂၀၁၈-၂၀၁၉)၊ (၂၀၁၉-၂၀၂၀)၊ (၂၀၂၀-၂၀၂၁)နှင့် (၂၀၂၁-၂၀၂၂) Mini Budget ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းကျော်က ဖတ်ကြားသည်။



ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်း အမှုဆောင်သစ်ပြန်လည်ရွေးချယ်ခြင်းအခမ်းအနားတွင် သဘာပတိအဖြစ် တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးတင်လတ်က အမှာစကားပြောကြားသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ခံရသော အမှုဆောင်အဖွဲ့ဝင်အသစ်များအား တာဝန်များခွဲဝေသတ်မှတ်၍ သဘာပတိရှေ့မှောက်၌ ကတိသစ္စာခံယူပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

သတင်းစဉ်

စာပေမြင့်မှ လူမျိုးတင့်မည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




[ ၁ ]

နေသည် တောက်ပစွာ ပူလျက်ရှိ၏။

အသက်နှစ်ဆယ်ခန့်ရှိ လူရွယ်တစ်ယောက်သည် ပင်ပန်းနွမ်းနယ်စွာဖြင့် ဗန္ဓုလပန်းခြံ၏ မြောက်ဘက်ပေါက်မှ တောင်ဘက်ဆီသို့ ရှေးရှုလျက် တစိုက်စိုက်နှင့် ဝင်လာလေသည်။ လူရွယ်၏ ကိုယ်ပေါ်တွင် ကော်လံတပ် ရှပ်အင်္ကျီအဖြူကို အောက်ခံထားကာ ခပ်နွမ်းနွမ်းတိုက်ပုံအင်္ကျီ မီးခိုးရောင်ကို အပေါ်မှ ဝတ်ဆင်ထားပြီးလျှင် ခါးတွင်မူ မာဆရိုက်လုံချည် အပြာနုရောင်အကွက်ဆန်းကို ဝတ်ဆင်ထား၏။ ဘယ်ဘက်လက်တွင်ကား မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကိုင်ထားကာ မျက်နှာအား နေရောင်မထိုးနိုင်ရန် ကာထားလျက် ဖြည်းဖြည်းချင်း လျှောက်ဝင်လာလေသည်။

သူသည် လွတ်လပ်ရေးကျောက်တိုင်ကြီးကို ကွေ့ပတ်ကာ ပန်းခြံတွင်း တောင်ဘက်တစ်နေရာရှိ ခရေပင်အောက်သို့ထိအောင် လျှောက်လာ၏။ ရောက်လျှင် ခရေပင်ကို ဝန်းရံဆောက်လုပ်ထားသော ကွပ်ပျစ်ကလေးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ သူ့ဆံပင်ကို မညှပ်ဘဲထားသည်မှာ ကြာပြီဖြစ်သဖြင့် အတော်ပင် ရှည်နေကာ ညှဉ်းဆိုးဆိုးကြီး ဖြစ်နေလေသည်။ ထိုစဉ် ချွေးသီးချွေးပေါက်ကြီးများသည် မောပန်းစွာ ရှုံ့မဲ့နေသော သူ့မျက်နှာမှ တပေါက်ပေါက် ကျလာ၏။ ထို့ကြောင့် သူသည် ပါလာသောလက်ကိုင်ပဝါဖြင့် မျက်နှာနှင့် ခေါင်းမှ ချွေးများကို သုတ်ချနေသည်။ ချွေးစင်သွားလျှင် ပါလာသည့် စာအုပ်ဖြင့် ရင်ဘတ်အား အေးစေရန် ယပ်သဖွယ် ခတ်နေလေသည်။

လေသည် တဖြူးဖြူး တိုက်ခတ်လျက်ရှိသည်။ သစ်ပင်ရိပ်တို့ကလည်း အေးမြလှသည်။ ထို့ကြောင့် စောစောက မောဟိုက်ရှုံ့မဲ့နေသော လူရွယ်၏ မျက်နှာသည် အတော်ကလေး ကြည်လင်လာသည်။ သူသည် ဆူးလေစေတီတော်ကို လှမ်းမျှော်ကာ စိတ်ထဲမှ ဖူးမြော်ကန်တော့လိုက်၏။ ထို့နောက်တွင်မူ ပတ်ဝန်းကျင်ရှိ ကြီးမားခံ့ထည်သော တိုက်တာအဆောက်အအုံတို့ကို လည်းကောင်း၊ သုတ်သီးသုတ်ပျာရှိလှသော ခြေကျင်ခရီးသည်တို့ကိုလည်းကောင်း၊ တဝီဝီနှင့် အရှိန်ပြင်းစွာ သွားလာနေသော သစ်လွင်တောက်ပသည့် ကိုယ်ပိုင်ကားကြီးများကိုလည်းကောင်း အထူးအဆန်းသဖွယ် ငေးစိုက်ကာ ကြည့်နေလေသည်။

ထိုအချိန်တွင် တစ်ဖက် ကွပ်ပျစ်စွန်း၌ အသက်နှစ်ဆယ်ကျော် အစိတ်တွင်းရှိ လူရွယ်နှစ်ဦးသည် စကားတပြောပြောနှင့် လာရောက်ထိုင်ချလိုက်၏။ ၎င်းလူရွယ်နှစ်ဦးသည် သတင်းစာများတွင် ခေါ်ယူသော အလုပ်အကိုင်များ အကြောင်းကိုလည်းကောင်း၊ ၎င်းတို့သွားရောက်ခဲ့သော အလုပ်တိုက်များ အကြောင်းကိုလည်းကောင်း ဆက်လက်ကာ ပြောဆိုနေကြပြန်သည်။

ထောင်ထောင်မောင်းမောင်းနှင့် လူရွယ်က ပုပျပ်ပျပ်လူရွယ်အား –

"ဒါနဲ့ နေပါဦး လွန်းနိုင်ရ၊ သဟာဆွေကုမ္ပဏီက ဘာပြောလိုက်သေးသလဲကွ။ ဟင်"

"မဟန်ပါဘူးကွာ။ လူစားသွင်း ခန့်ပြီးပြီတဲ့"

ပုပျပ်ပျပ်နှင့် ကိုလွန်းနိုင်ဆိုသူက ရှုံ့ရှုံ့မဲ့မဲ့ ပြန်ပြောလိုက်သည်။

"အက်စ်တီဘီ ကကော အခြေအနေဘယ်လိုလဲ။ တို့ ပါနိုင်ပ့ါမလား"

ကိုလွန်းနိုင်က တစ်ဆက်တည်း ပြန်မေးလိုက်သည်။

"မပါဘူး မောင်ရေ့၊ ခန့်မှာက လေးယောက်၊ အရည်အချင်းစစ်ပွဲ ဝင်တာက လူငါးဆယ်။ အခု လူဆယ်ယောက် ရွေးထားတယ်ကွာ။ ဒီအထဲမှာ တို့ မပါဘူး။ နောက်ခြောက်ယောက်တောင် ထပ်ပြီး နောက်ကောက်ကျဦးမတဲ့။ တို့အဖို့ ဒီမှာတော့ ဟုတ်ပလက် ဖြစ်သွားပြီ"

"ဒါဖြင့် မင်းပြောတဲ့ ဘီအီးဒီစီဆိုတာကကော။ မင်းနဲ့သိတဲ့လူက ဘာပြောလိုက်သလဲ"

ကိုလွန်းနိုင်က ထပ်၍ မေးလိုက်ပြန်သည်။

"အဲဒါကဆိုရင် သာတောင်ခက်ဦးမယ်ထင်တယ်။ စစ်ဗိုလ်တစ်ယောက်ရဲ့ ထောက်ခံချက် ပါရမယ်တဲ့။ တပ်မတော် စစ်သားလူထွက် အလုပ်လက်မဲ့တွေမှ ပေးမတဲ့"

အရပ် ထောင်ထောင်မောင်းမောင်းနှင့် လူက သူသိသမျှ စုံစမ်းရသမျှကို ပြောလိုက်လေသည်။

"ခက်တာပါပဲကွာ။ တို့လို အင်တာအဆင့်လောက်နဲ့တော့ အောက်တန်းစာရေးတောင် ရမှာမဟုတ်ပါဘူး။ အလုပ်တစ်ခု သွားလျှောက်လိုက်တိုင်း ဘီအေတွေနဲ့ချည်း ပြိုင်လျှောက်နေရတော့ သူတို့ချည်း ရမှာပေ့ါ။ ဘီအေတွေကလည်း ရိုက်သတ်လို့တောင် ကုန်မှာ မဟုတ်ပါဘူးကွာ"

"အသက်နှစ်ဆယ်ခန့်ရှိ လူရွယ်တစ်ယောက်သည် ပင်ပန်းနွမ်းနယ်စွာဖြင့် ဗန္ဓုလပန်းခြံ၏ မြောက်ဘက်ပေါက်မှ တောင်ဘက်ဆီသို့ ရှေးရှုလျက် တစိုက်စိုက်နှင့် ဝင်လာလေသည်။
သူသည် လွတ်လပ်ရေးကျောက်တိုင်ကြီးကို ကွေ့ပတ်ကာ ပန်းခြံတွင်း တောင်ဘက်တစ်နေရာရှိ ခရေပင်အောက်သို့ထိအောင် လျှောက်လာ၏။ ရောက်လျှင် ခရေပင်ကို ဝန်းရံဆောက်လုပ်ထားသော ကွပ်ပျစ်ကလေးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ သူ့ဆံပင်ကို မညှပ်ဘဲထားသည်မှာ ကြာပြီဖြစ်သဖြင့် အတော်ပင်ရှည်နေကာ ညှဉ်းဆိုးဆိုးကြီး ဖြစ်နေလေသည်။ ထိုစဉ် ချွေးသီးချွေးပေါက်ကြီးများသည် မောပန်းစွာရှုံ့မဲ့နေသော သူ့မျက်နှာမှ တပေါက်ပေါက် ကျလာ၏။"

ကိုလွန်းနိုင်က ချူသံပါအောင် ညည်းလိုက်သည်။ ထို့နောက် အတွေးကိုယ်စီဖြင့် ငြိမ်နေကြသည်။

"ကျော်ဇင်၊ မင်းကော မဆာဘူးလား။ ငါတော့ တစ်မနက်လုံး အတော်လျှောက်ပစ်လိုက်ရလို့ ဆာလိုက်တာကွာ။ ဟော့ ဟော့ ဇယားကြော်သည် လာဦး" ဟု ကိုလွန်းနိုင်က အရပ်ထောင်ထောင်မောင်းမောင်းနှင့်လူ ကိုကျော်ဇင်ဆိုသူအား ပြောလိုက်ရင်း ခပ်လှမ်းလှမ်းမှ ဖြတ်သွားသော ဇယားကြော်သည်အား လှမ်းခေါ်လိုက်၏။ ရောက်လာလျှင် ဆယ်ပြားဖိုးစီပေးရန် ပြောလိုက်သည်။

စောစောက ထိုင်နေသော လူရွယ်သည် နောက်ရောက်လာသည့် ကိုလွန်းနိုင်ဆိုသူနှင့် ကိုကျော်ဇင်ဆိုသူတို့၏ စကားများကို ငေးမောနေရင်းက အမှတ်မထင် နားထောင်နေမိသည်။ သူတို့မှာလည်း မိမိကဲ့သို့ပင် အလုပ်ရှာနေသော အလုပ်လက်မဲ့ ခေတ်ပညာတတ်များဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ယခုလို သူတို့နှစ်ဦး ဇယားကြော် ဝယ်စားကြတော့မှ မိမိဝမ်းကလည်း ဟာလာကြောင်း ချက်ချင်း ဆန္ဒပြလာတော့၏။ အမှန်မှာ နံနက် ၈ နာရီလောက်ကတည်းက ပဲပြုတ်၊ ထမင်းကြမ်းကြော်ဖြင့် နံနက်စာကိစ္စကို ပြီးလာခဲ့ပြီ ဖြစ်၏။ သို့သော် တစ်မနက်ခင်းလုံး တစ်တိုက်ဝင် တစ်တိုက်ထွက်၊ တစ်ရုံးဝင် တစ်ရုံးထွက်ကာ သွားခဲ့ရသဖြင့် စားပြီးသမျှ အစားအစာများသည် ကြေညက်သွားပြီ ဖြစ်လေသည်။ ထို့ကြောင့်လည်း ဝမ်းဗိုက်မှာ ဟာလျက် ရှိ၏။ စောစောကမူ ကိုယ့်ဇောနှင့်ကိုယ်မို့ ဆာလောင်ရမှန်း မသိချေ။

"ဒီမှာ အရာကြီး၊ ကျုပ်ကိုလည်း ဆယ်ပြားဖိုး ပေးပါ"

ပထမ ရောက်နှင့်သောလူက ပြောလိုက်၏။ ထို့နောက် သူသည် ဇယားကြော်သည်လှမ်းပေးသော ဇယားကြော်ထုပ်ကို ကွပ်ပျစ်ခုံစွန်းပေါ်တွင် ခဏတင်ထားပြီးနောက် ပိုက်ဆံပေးရန်အတွက် အင်္ကျီအိတ်များထဲတွင် ဟိုရှာ သည်နှိုက်ဖြင့် အတွင်းအပြင်ရှိ အိတ်မှန်သမျှ လျှောက်ရှာသော်လည်း ပိုက်ဆံဆို၍ ငါးပြားစေ့ပင် ထွက်မလာတော့ချေ။

ထိုအခါ လူရွယ်၏မျက်နှာမှာ အနည်းငယ် ပျက်သွားပြီးလျှင် ရှက်ရွံ့သောဟန်ဖြင့် –

"အရာကြီး၊ ဇယားကြော် ပြန်ယူတော့ဗျာ။ ကျုပ်မှာ အကြွေမပါတော့ဘူး" ဟု ပြောပြောဆိုဆိုပင် ဇယားကြော်ထုပ်ကိုကောက်ကာ ဇယားကြော်သည်အား လှမ်းပေးလိုက်တော့သည်။

ထိုစဉ် လူရွယ်၏ပေါင်ပေါ်တွင် တင်ထားသော မဂ္ဂဇင်းစာအုပ်သည် လျှောကာ မြေကြီးပေါ်သို့ ဖုတ်ခနဲမြည်လျက် ကျသွား၏။ စာအုပ်ထဲတွင် ညှပ်ထားသော စာရွက်ခေါက်တစ်ခုသည်လည်း စာအုပ်ပွင့်ကာ အခြားသို့ လွင့်စဉ်ထွက်သွားလေသည်။

ကိုလွန်းနိုင်သည် သူ့ရှေ့တွင် ကျလာသော စာရွက်ခေါက်ကို လျင်မြန်စွာ ကောက်ယူ၍ လူရွယ်အား ကမ်းပေးလိုက်သည်။ သူသည် အလုပ်လျှောက်သော လျှောက်လွှာစာရွက်မှန်း ရိပ်မိသွားသည့်ပြင် သည်လူမှာ စရိတ်ပြတ်လပ်နေသော အလုပ်လက်မဲ့တစ်ယောက်ဖြစ်ကြောင်းကို ချက်ချင်းပင် အကဲခတ်မိလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

လူရွယ်သည် ကိုလွန်းနိုင်က ကမ်းပေးနေသော စာအုပ်ကို လှမ်းယူလိုက်ရင်း အနည်းငယ် ရှက်အမ်းအားနာဟန်ဖြင့် ပြောလိုက်သည်။

ကိုလွန်းနိုင်သည် လူရွယ်အား ပြုံး၍ပြလိုက်ပြီးနောက် ဇယားကြော်သည်ဘက်သို့လည်း လှည့်ကာ–

**ဆက်လက်ဖော်ပြပါမည်။**



## ဆရာမောင်မောင်ဖြူ၏ ဘဝနှင့် စာပေလှုပ်ရှားမှု

ဆရာမောင်မောင်ဖြူကို မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ညောင်တိုဘူတာ (ဈေးကုန်းရွာ)၌ အဖ အငြိမ်းစားအခွန်တော် မြေတိုင်းစာရေးကြီး ဦးဉာဏ်၊ အမိ ဒေါ်ခင်မယ်တို့က ၁၉၃၀ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် မွေးဖွားသည်။

မွေးချင်း ရှစ်ယောက်တွင် လေးယောက်မြောက် ဖြစ်ပြီး ငယ်အမည် မောင်စောဖြူဖြစ်ကာ အမည်ရင်းမှာ ဦးသန်းရှိန်ဖြစ်သည်။

ငယ်စဉ်က ဈေးကုန်းရွာ လောကခေတ်ကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၈–၄၉ ခုနှစ်တွင် ရန်ကုန်မြို့ "အောင်တက္ကသိုလ်" ၌ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။

ကျောင်းသားဘဝကပင် စာပေဝါသနာပါ၍ လေ့လာလိုက်စားခဲ့သည်။

ဗိုလ်တထောင်သတင်းစာနှင့် ငွေတာရီ၊ မြဝတီ၊ သွေးသောက်၊ နဝဒေး စသော မဂ္ဂဇင်းတို့တွင် "ထန်း" အကြောင်း ဆောင်းပါးများနှင့် "ထန်းသမား ဘဝသရုပ်ဖော်" ဝတ္ထုတိုများကို ရေးသားခဲ့သည်။

၁၉၆၇ ခုနှစ်တွင် "မောင်မောင်ဖြူ" ကလောင်အမည်ကို စတင်ယူခဲ့သည်။

"နွေဦးကာလ မြူထသောခါ" မှာ ပထမဆုံး လုံးချင်းဝတ္ထုရှည်ကြီးဖြစ်သည်။

ထိုဝတ္ထုသည် ၁၉၆၇ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည် ဒုတိယဆု ရရှိခဲ့သည်။

ထန်းတက်သမားတို့၏ ဘဝလေ့အစုံစုံ အဖုံဖုံကို မျက်စိထဲ ထင်းထင်းလင်းလင်း မြင်ရအောင် ရေးသားသီကုံးခဲ့သည်။ ထန်းပင် ထန်းတောနှင့် ရွာဓလေ့စရိုက်ကို ထိထိမိမိ တင်ပြထားသည်။ ဒုက္ခိတ ထန်းတက်သမားဖခင်ကြီးကို ရှာဖွေကျွေးမွေးပုံသည် ရေဆန်မေတ္တာတရားအလှကို ပေါ်လွင်ထင်ရှားစေသည်။

ဆရာမောင်မောင်ဖြူသည် ဝတ္ထုရှည် အုပ် ၂၀ နှင့် ဝတ္ထု ဆောင်းပါး ၂၀၀ ခန့်ရေးသားခဲ့သည်။

၁၉၉၂ ခုနှစ် မတ် ၁၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**



## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ၂၃၁၇ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံ ၂၁၈၄၃ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိပြီး ဒေသခံတောင်သူများက ၂၀၂၂ခုနှစ်နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ကုလားပဲသီးနှံ ၂၁၃၁၇ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကုလားပဲသီးနှံစိုက်ပျိုးမှုအနေနဲ့က တစ်မြို့နယ်လုံး စိုက်ဧက ၂၁၈၄၃ ဧက လျာထားစိုက်ပျိုး ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်းကုလားပဲသီးနှံကိုတော့ နိုဝင်ဘာလပထမပတ်လောက်ကစပြီး စိုက်ပျိုးခဲ့တာပါ။ ယနေ့အထိ မြေပြင်စိုက်ပြီးဧက ၂၁၃၁၇ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ ကျွန်မတို့ဒေသမှာ ကုလားပဲသီးနှံကို ဆောင်းသီးနှံအဖြစ် တောင်သူတွေက နှစ်စဉ် အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီးတော့ သီးနှံအထွက်ကောင်းမွန်တဲ့ ရေဆင်း (၆) နဲ့ ရေဆင်း (၁၂) ကုလားပဲမျိုးများကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောကြားသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေမှ စိုက်ပျိုးရေဖူလုံစွာရရှိသည့်အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်လည်း မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံ ၃၁၃၄၇ ဧက၊ ကုလားပဲသီးနှံအပါအဝင် ပဲမျိုးစုံသီးနှံ ၃၉၇၁၂ ဧက၊ စားဖိုဆောင်သီးနှံ ၄၀၇၃ ဧက၊ ဖူးစားပြောင်း ၁၇၈၅ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာပင် ၁၀၀၇၄ ဧကနှင့် အခြားစားပင်သီးနှံ ဧက ၃၂၀ စုစုပေါင်း ဆောင်းသီးနှံစုံ ၈၇၃၁၁ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယနေ့အထိ သီးနှံစုံဧက ၇၆၁၇၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## ရွှေသောင်ယံမြို့ရှိ ဆောင်းသီးနှံနေကြာစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရွှေသောင်ယံ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ သဲကုန်းကျေးရွာအုပ်စု အုန်းချောင်းကျေးရွာရှိ တောင်သူဦးဝါးလေး၏ လယ်မြေ ၁၂ ဧကတွင် ဆောင်းသီးနှံနေကြာပင်များ စိုက်ပျိုးထားမှုများအား ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူးဦးလင်းကိုကိုနှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့က ယနေ့နံနက် ၁၀ နာရီတွင် သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ထိုသို့ ဆောင်းသီးနှံနေကြာပင်စိုက်ပျိုးထားမှုများအား ကြည့်ရှုရာတွင် နေကြာပင်များ ဖြစ်ထွန်းအောင်မြင်ရေးအတွက် ပေါင်တင်ရေလောင်းရန် လိုအပ်ကြောင်း၊ ထို့ပြင်အပင်ကြီးထွားသန်မာပြီးအောင်မြင်စေရန်အတွက် ကြားပင်များရှင်းလင်းဖယ်ရှားပေးရန်လိုကြောင်းစသည်ဖြင့် လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါနေကြာစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုရာ၌ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူးဦးလင်းကိုကိုနှင့်တာဝန်ရှိသူများ၊ ရွှေသောင်ယံမြို့ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ သဲကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်တောင်သူများ ပါဝင်ကြသည်။ **ရွှေသောင်ယံ(မြန်/ဆက်)**

## သရက်ရာသီ၌ ဈေးကွက်အနေအထားအရ အရည်အသွေးကောင်းသရက်သီးများ ဈေးကောင်းရရှိနိုင်

မန္တလေး ဇန်နဝါရီ ၂၂

ယခုနှစ် သရက်ရာသီချိန်တွင် ဈေးကွက်အနေအထားအရ အရည်အသွေးကောင်းသရက်သီးများ ဈေးကောင်းရရှိနိုင်မည်ဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်ခြံများ တချို့တစ်ဝက်တွင် သရက်ပန်းများ စတင်ဖူးပွင့်နေပြီဖြစ်၍ ဒေသအလိုက် သရက်ခြံတောင်သူများအနေဖြင့် အရည်အသွေးကောင်း သရက်သီးများရရှိစေရန်အတွက် ပြုစုရန် အချိန်အခါကောင်းများရှိနေသေးကြောင်း၊ ယခုနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့သည့် လမ်းကြောင်းများလည်း ပွင့်သွားပြီဖြစ်၍ ယခုနှစ် သရက်ရာသီတွင် အရည်အသွေးကောင်း သရက်သီးများသာ ဈေးကွက်ကောင်းရရှိပြီး ဈေးနှုန်းကောင်းများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာတော့ တချို့ဒေသတွေက သရက်ပန်း ဖူးနေပါပြီ။ တချို့နေရာတွေမှာ မဖူးကြသေးပါဘူး။ ဈေးကွက်အနေအထားအရ ဒီနှစ်မှာတော့ အရည်အသွေးကောင်း သရက်သီးတွေ ဈေးကွက်ရရှိပြီး ဈေးကောင်းရရှိမှာပါ။ ယခင်ပို့နေကျ တရုတ်ဈေးကွက်လမ်းကြောင်းကလည်း ပွင့်သွားပါပြီ။ မနှစ်က သရက်သီးတွေ ညှာရင်းပုပ်၊ သီးထိုးယင် စတဲ့ရောဂါတွေဖြစ်ခဲ့တော့ အရည်အသွေးပိုင်းမှာ မကောင်းခဲ့ပါဘူး။ ဒီနှစ်မှာ တောင်သူတွေ သေချာပြင်ဆင်ထားမယ်ဆိုရင် အရည်အသွေးကောင်း သရက်သီးတွေ ရရှိလာနိုင်မှာပါ။ သရက်တောင်သူတွေအနေနဲ့ မိမိတို့ပစ္စည်းကို အရည်သွေးကောင်းအောင် ပြုစုထားရင် ပြည်တွင်းဈေးကွက်ရော ပြည်ပဈေးကွက်မှာပါ ဈေးကောင်းတွေ ရရှိနိုင်မှာပါ။ ဒီနှစ်အထွက်နှုန်းကိုတော့ ပန်းပွင့်ဖူးတာ မညီသေးလို့ ပြောဖို့ခက်နေသေးပါတယ်။ ဧပြီလလယ်လောက်ဆိုရင် အရည်အသွေးကောင်း သရက်သီးတွေ စပေါ်ပါပြီ။ ဒီနှစ်မှာ ဈေးကောင်းရရှိဖို့ အလားအလာကောင်းတွေရှိနေပါတယ်" ဟု ၎င်းကပြောကြားသည်။

သရက်စိုက်ပျိုးထုတ်လုပ် ရောင်းချသည့် တောင်သူများအနေဖြင့် သရက်သီးအရည်အသွေးကို ထိန်းသိမ်းကြမည်ဆိုလျှင် မိမိတို့နယ်၊ ဒေသအလိုက် အတူတကွပြုလုပ်နိုင်မည့်သူ ငါးဦး (သို့မဟုတ်) ၁၀ ဦးတို့ဖြင့် အုပ်စုများစုဖွဲ့၍ လုပ်ဆောင်မည်ဆိုပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ ထိုအစုအဖွဲ့ကို ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပါက သရက်သီးအရည်အသွေးများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ကြို့ပင်ကောက်မြို့တွင် ၂၀၂၃ ခုနှစ် ဆောင်းဆီထွက်သီးနှံ နေကြာဧကပေါင်း ၃၇၀၁ ဧကစိုက်ပျိုးနိုင်

ကြို့ပင်ကောက် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဆီထွက်သီးနှံနေကြာကို ဧကပေါင်း ၃၇၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ဒေသတွင်းစားသုံးဆီဖူလုံရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ဆင်းရွှေကြာ -၂ နေကြာမျိုးစေ့ အိတ်ငွေကျပ် ၃၇၀၀ အား ဖြန့်ဝေပေးခဲ့ပြီး ဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၃၄၄၀ နှုန်းဖြင့် တစ်ဧကလျှင် အိတ်ဝက်နှုန်း ရောင်းချပေးခဲ့ကြောင်း၊ ကြို့ပင်ကောက်မြို့တွင် နေကြာစိုက်ပျိုးနိုင်သော မြေအမျိုးအစားအားလုံးတွင် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စစ်ကုန်း-၂ ကျေးရွာအုပ်စုမှ တောင်သူဦးမြင့်စိုးက မျိုးစေ့ထုတ်ဧက ၁၁၂ ဧကနှင့် လက်ပံပင်စုကျေးရွာမှ တောင်သူဦးဝင်းအောင်က မျိုးစေ့ထုတ်ဧက ၁၁ ဧကတို့ကိုအောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့၍ လာမည့် ဆောင်းသီးနှံစိုက်ရာသီတွင်လည်း မျိုးကောင်းမျိုးသန့် ပြန်လည် အသုံးပြုဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့တွင် ဆီထွက်သီးနှံနေကြာအား ဆောင်းသီးနှံပဲခင်းများတွင် သီးထပ်သီးညှပ် စိုက်ပျိုးခြင်း ၃၅၃၁ ဧကနှင့် သီးသန့်စိုက်ပျိုးခြင်း ဧက ၁၇၀ စုစုပေါင်း ၃၇၀၁ စိုက်ပျိုးနိုင်ခဲ့ပြီး အခြားဆီထွက်သီးနှံများဖြစ်သော မြေပဲ ၁၇၁၅ ဧက၊ နှမ်း ၃၅၁ ဧကတို့ကိုလည်း စိုက်ပျိုးနိုင်ခဲ့ကြောင်း လာမည့်ဆီထွက်သီးနှံစိုက်ပျိုးရာသီတွင် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဌေး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## သုံးခွမြို့နယ်၌ ပဲတီစိမ်းအသစ်များ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ပဲဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိရာ ပေါ်ဦးပေါ်ဖျားဈေးကွက် အဖွင့်ဈေးကောင်းရရှိကာ တစ်တင်း (ပိဿာ၂၀) လျှင် ယမန်နေ့နံနက် ၁၀ နာရီခွဲ ပေါက်ဈေးမှာ ကျပ် ၆၄၅၀၀ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အတွင်း စတင်ဝင်ရောက်ခါစ ဖြစ်သည့်အတွက် ဈေးနှုန်းတည်ငြိမ်မှု မရှိသေးကြောင်း၊ လှိုင်လှိုင်ပေါ်ပါက ဈေးနှုန်း အပြောင်းအလဲရှိနိုင်ကြောင်းနှင့် အထွက်နှုန်းကောင်း၍ ပေါက်ဈေးပိုမိုမြင့်မားပါက တောင်သူများ ပို၍တွက်ခြေကိုက်ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် မိုးစပါးနှင့် သီးထပ်အဖြစ် ဆောင်းသီးနှံပဲတီစိမ်းရွှေဝါနှင့် ရေဆင်းအမျိုးအစားတို့ကို အဓိကစိုက်ပျိုးကြသည်။ ပဲတီစိမ်းသည် စိုက်ပျိုးပြီးနှစ်လခွဲအကြာတွင် ဆွတ်ခူးရရှိကြောင်း သိရသည်။ ပဲတီစိမ်းကို နိုဝင်ဘာလ လဆန်းပိုင်းတွင် စတင် ထွန်ယက်စိုက်ပျိုးကြပြီး တောင်သူတစ်ဦးနှင့် တစ်ဦးစိုက်ပျိုးသည့်အချိန် ကွာခြားမှုကြောင့် ပဲထွက်ချိန် ကွာခြားမှုရှိနိုင်ပြီး ဖေဖော်ဝါရီလတွင် လှိုင်လှိုင်ပေါ်မည်ဟု သိရသည်။

ပဲတီစိမ်းသည် တစ်နေရာနှင့် တစ်နေရာ အထွက်နှုန်းကွာခြားမှု ရှိနိုင်ပြီး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးမှု၊ စိုက်ပျိုးသည့် မြေအမျိုးအစား ကောင်းမွန်မှု၊ ရာသီဥတုအခြေအနေ၊ ပိုးမွှား ကျရောက်မှု၊ ပြုစုပျိုးထောင်ပုံ နည်းစနစ် မှန်ကန်မှုတို့အပေါ်တွင် မူတည်ပြီး တစ်ဧက တင်း ၂၀ ကျော် ထွက်ရှိနိုင်ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီ၌ မြို့မနှင့် ကျေးရွာအုပ်စု ၆၄အုပ်စုတွင် ဆောင်းသီးနှံ ပဲတီစိမ်း ၁၂၉၉၅ ဧကစိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဆန်း**





## အဲဗာတန်နည်းပြ အဖြစ်ကနေ ထုတ်ပယ်ခံရမှာကို လုံးဝစိုးရိမ်နေမှာ မဟုတ်ဘူးလို့ ပြောကြားခဲ့တဲ့ လမ်းပတ်

အဲဗာတန်အသင်းနည်းပြ ဖရန့်လမ်းပတ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အဲဗာတန်အသင်းနည်းပြ အဖြစ်ကနေ ထုတ်ပယ်ခံရမှာကို လုံးဝစိုးရိမ်နေမှာ မဟုတ်ဘူးလို့ ပြောကြားခဲ့ပြီဖြစ်ပါတယ်။

**အဆင့် ၁၉ နေရာမှာ ရပ်တည်**

အဲဗာတန်အသင်းဟာ ဇန်နဝါရီ ၂၁ ရက်က ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလနောက်ပိုင်း တစ်ပွဲမှ နိုင်ပွဲရရှိခဲ့ခြင်းမရှိခဲ့တာကြောင့် လက်ရှိအချိန်မှာ ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ အဆင့် ၁၉ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ အောက်တိုဘာလနောက်ပိုင်းကစားခဲ့တဲ့ ပွဲစဉ်တွေမှာ ခြောက်ပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် နည်းပြလမ်းပတ်ရဲ့ နိုင်ပွဲပျောက်ဆုံးမှုဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ နည်းပြတစ်ဦးအနေနဲ့ အရှည်ကြာဆုံးနိုင်ပွဲပျောက်ဆုံးမှုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ ကာရာဘောင်ဖလားပြိုင်ပွဲနဲ့ အက်ဖ်အေဖလားပြိုင်ပွဲတို့မှာလည်း တတိယအဆင့်နဲ့ပဲ ပြိုင်ပွဲကနေထွက်ခဲ့ရပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း တန်းဆင်းဇုန်အတွင်း ကျရောက်နေတာဖြစ်ပါတယ်။

အဲဒီလို ရလဒ်ပိုင်းဆိုးရွားမှုတွေ ကြုံခဲ့ပေမယ့် အဲဗာတန်အသင်းပိုင်ရှင် ဖာဟက်မိုရှီရီအနေနဲ့ နည်းပြလမ်းပတ်ရဲ့ စွမ်းဆောင်ရည်ကို ဆက်လက်စောင့်ကြည့်သွားဖို့ ရှိနေတာကြောင့် လမ်းပတ်ကိုယ်တိုင်ကလည်း နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံရမယ့်အရေးနဲ့ ပတ်သက်ပြီး စိုးရိမ်နေမှာ မဟုတ်ဘူးလို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

နည်းပြဖရန့်လမ်းပတ်ဟာ အဲဗာတန်အသင်းနည်းပြတာဝန်ကို ၃၈ ပွဲအထိ တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ ကိုးပွဲနိုင်၊ ရှစ်ပွဲရှုံး၊ ၂၁ ပွဲသရေရလဒ် ထွက်ပေါ်ထားတာလည်း ဖြစ်ပါတယ်။

## ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး နယူးကာဆယ်အသင်း ပရီမီယာလိဂ် ၁၅ ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်

နယူးကာဆယ်အသင်းဟာ ဇန်နဝါရီ ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် အခုဘောလုံးရာသီမှာ ပရီမီယာလိဂ် ၁၅ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၀ ကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၃၉ မှတ်နဲ့ အမှတ်ပေးဇယား တတိယနေရာမှာ ရပ်တည်လျက်ရှိတာ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ နယူးကာဆယ်အသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ် ရယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၀ ကစားပြီးချိန်မှာ ရမှတ် ၂၄ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၁၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။



နယူးကာဆယ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## တိုက်စစ်မှူး ဟာလန်းရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ ဝုလ်ဗာဟမ်တန်အသင်းကို မန်စီးတီးအသင်း အနိုင်ရ



ပရီမီယာလိဂ်ပွဲစဉ် ၂၁ ရဲ့ ဇန်နဝါရီ ၂၂ ရက်ညပိုင်း အကောင်းဆုံးပွဲစဉ်တွေထဲက တစ်ပွဲဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ ပွဲစဉ်မှာ မန်စီးတီးအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို တိုက်စစ်မှူး ဟာလန်းရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းဟာ တိုက်စစ်မှူး ဟာလန်းက ပွဲကစားချိန် မိနစ် ၄၀၊ မိနစ် ၅၀(ပင်နယ်တီ)နဲ့ ၅၄ မိနစ်တို့မှာ သွင်းဂိုးသုံးဂိုး သွင်းယူနိုင်ခဲ့တာကြောင့် မန်စီးတီးအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ အခုပွဲစဉ်မှာ သွင်းဂိုးသုံးဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၀ မှာ ပရီမီယာလိဂ် သွင်းဂိုး ၂၅ ဂိုးအထိ ရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်မှူး ဟာလန်းအနေနဲ့ မန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲစုံ ၂၅ ပွဲမှာ သွင်းဂိုးစုစုပေါင်း ၃၁ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

အခုလို မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်တာကြောင့် ၁၉၉၂ ခုနှစ်မှာ အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် အမည်ပြောင်းလဲခဲ့ပြီးနောက်ပိုင်း ဘောလုံးရာသီမပြီးဆုံးမီကာလအတွင်းမှာ ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ရယူပိုင်ဆိုင်နိုင်မယ့် အခွင့်အရေးတစ်ရပ်လည်း တိုက်စစ်မှူး ဟာလန်းအနေနဲ့ ပိုင်ဆိုင်ခွင့်ရရှိခွင့်ရရှိတော့မှာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၀ ကစားပြီးချိန်မှာ ရမှတ် ၄၅ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပြီဖြစ်ပြီး ဝုလ်ဗာဟမ်တန်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပွဲစဉ် ၂၀ ကစားပြီးချိန်မှာ ရမှတ် ၁၇ မှတ်နဲ့ တန်းဆင်းဇုန်အထက် အမှတ်ပေးဇယား ၁၇ နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဆွီယာတက်ခ်နဲ့ ကိုကိုဂေါက်ဖ်တို့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီ

ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း စတုတ္ထအဆင့်ပွဲစဉ်တွေကို ဇန်နဝါရီ ၂၂ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့ရာ ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်နဲ့ အမေရိကန်တင်းနစ်မယ် ကိုကိုဂေါက်ဖ်တို့ဟာ ပြိုင်ဘက်တင်းနစ်မယ်တွေကို ရှုံးနိမ့်ခဲ့တာကြောင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

**ရှုံးနိမ့်ခဲ့**

ဆွီယာတက်ခ်ဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း ၁၆ ဦးအဆင့်မှာ ကာဇက်စတန်တင်းနစ်မယ် အဲလီနာရိုင်ဘာကီနာနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ၆-၄၊ ၆-၄ နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၁၈ နှစ်အရွယ် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါက်ဖ်ကတော့ ၁၆ ဦးအဆင့်မှာ လက်ဗီးယားတင်းနစ်မယ် ဂျီလီနာအော့စ်တာပန်ကိုနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ၇-၅၊ ၆-၃ နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

**ယှဉ်ပြိုင်ကစားမည်**

အသက် ၂၃ နှစ်အရွယ် ရိုင်ဘာကီနာဟာ ဆွီယာတက်ခ်ကို အနိုင်ရရှိခဲ့တာကြောင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီး တစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်မှာ ပြင်သစ်အိုးပင်းတင်းနစ်ချန်ပီယံဟောင်း ဂျီလီနာအော့စ်တာပန်ကိုနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။



# တောင်ကြီးတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၂**

တောင်ကြီးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အထူးပြု ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးတက္ကသိုလ် အားကစားကွင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် တောင်ကြီးတက္ကသိုလ် အထူးပြု ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူလေးများက ပန်းဖွားအကဖြင့် စတင်ဖွင့်လှစ်ပြီး မမေသူဝင်းက "မိုးယံလွင့်ပျံလက်ခုပ်သံ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဒဿနိကဗေဒဘာသာရပ်အသင်းနှင့် ဘူမိဗေဒ ဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘူမိဗေဒ ဘာသာရပ်အသင်းမှ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ဗိုလ်လုပွဲစဉ်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဘာသာရပ်ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပါမောက္ခ (ဌာနမှူး)များက ဘောလုံးပြိုင်ပွဲတွင် ပါဝင်ဆောင်ရွက်ပေးကြသော ရှမ်းပြည်နယ် ဘောလုံးဒိုင်အဖွဲ့နှင့် ရှမ်းပြည်နယ် ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပေးပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က တောင်ကြီးတက္ကသိုလ် အနုပညာအသင်းအတွက် အလှူငွေများကို တောင်ကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဆွေက ပေးအပ်ရာ ပါမောက္ခ(ဌာနမှူး)များက လက်ခံရယူသည်။

ယင်းနောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ဓာတုဗေဒဘာသာရပ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကို ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းက ချီးမြှင့်ပေးပြီး တံခွန်စိုက်ဆုဖလားကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ဘူမိဗေဒဘာသာရပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က ချီးမြှင့်ပေးပြီး တံခွန်စိုက်ဆုဖလားနှင့်ငွေသားဆုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ချီးမြှင့်ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကျိုက်မရောမြို့နယ်၌ နွေစပါး ၅၃၆၂ ဧက စိုက်ပျိုးရန် လျာထား

**ကျိုက်မရော ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း နွေစပါးစိုက်ဧက ၅၃၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဇန်နဝါရီ ၂၀ ရက်အထိ ဧက ၅၆၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုစာရင်းအင်းဌာန (မြေစာရင်းဦးစီးမှူးရုံး) တာဝန်ရှိသူထံမှ သိရသည်။

ကျိုက်မရောမြို့နယ်ရှိ ပြည်သူများသည် စိုက်ပျိုးရေးဖြင့်အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည်။ မိုးစပါးများ စိုက်ပျိုးရိတ်သိမ်းပြီးသည်နှင့် တူးမြောင်းရေကို အသုံးပြု၍ ရေကျနောက်လိုက်စပါးမျိုးများကို စက်တင်ဘာလကုန်မှစ၍ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထားကြပြီး နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် တောင်သူများ နွေစပါးရိတ်သိမ်းပြီးချိန်တွင် စပါးဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိနေကြောင်း၊ နတ်စမ်းကျေးရွာကွင်းအမှတ် ၅၈၄(ခ)တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် တောင်သူ ဦးစောဟန်၏ စိုက်ခင်း၌ မနောသုခစပါးမျိုးများကို စိုက်ပျိုးထားရာ ယခင်နှစ်က စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ၆၆ ဒသမ ၄၈ ရာခိုင်နှုန်းထွက်ရှိခဲ့သဖြင့် ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း တောင်သူ ဦးစောဟန်က ပြောကြားသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

